ပုဗ္ဗေစ ကတပုညတာ ဧတံ မင်္ဂလ မုတ္တမံ၊ ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၂)


နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိ ဗိမာန်ခန်းမ၌ ကယားပြည်နယ်အထူးဒေသ(၁) အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကိုနှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာ ရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံမူဝါဒလမ်းစဉ်အောင်မြင်ရေးကယားပြည်နယ်အထူးဒေသ(၁)ပူးပေါင်းမည်

**ယနေ့ထုတ်ဓာတ်ရေ – ၂၀၂၂၅၆**

ရန်ကုန် ဇန်နဝါရီ ၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိ ဗိမာန်ခန်းမ၌ ကယားပြည်နယ်အထူးဒေသ(၁)အဖွဲ့ ဥက္ကဋ္ဌ ဦးဌေးကိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်

**စာမျက်နှာ ၉ ကော်လံ ၁** ☼

**ဒေသဖွံ့ဖြိုး၊ စီးပွားတိုးစေမည့် ကမ်းသာယာကမ်းခြေ အပန်းဖြေစခန်းအနီးက ကင်းပုံတံတားသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တံတားသစ်ကြီး၏ မြင်ကွင်းအလှပသာဒကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–သာဉာဏ် (သတင်းစဉ်)**

# ရခိုင်ပြည်နယ်၏ အလှတန်ဆောင် ကမ်းသာယာအနီးက ကင်းပုံတံတား

သတင်းဆောင်းပါး-မောင်ပိုင်၊ ဓာတ်ပုံမှတ်တမ်း-သာဉာဏ်(သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၉**

စီရရီအုန်းပင်တန်းနှင့် ဖြူလွှလွှ သဲသောင်ပြင်တို့အလွန်တွင် အပြာရင့်ရောင်ပင်လယ်ပြင်ကြီးကို တပြန့်တပြော တွေ့လိုက်ရသည်။ ဟိုး...ပင်လယ်ပြင် အမြင်တဆုံးဆီ၌ နီနီရဲရဲနေလုံးကြီးကို ပင်လယ်ရေပြင်ထဲ ငုပ်လျှိုးတော့မယောင်တွေ့မြင်ရသည်။ သာယာလွမ်းမောဖွယ်ကောင်းလှသည့် မြန်မာ့ပင်လယ်ကမ်းခြေအလှ။

**ကမ်းသာယာအလှ**

“ကမ်းသာယာအပန်းဖြေစခန်း”သို့ မိမိတို့ ရောက်ရောက်ချင်း ကမ်းသာယာက ပင်ကိုအလှဖြင့် ညို့ယူဖမ်းစားတော့သည်။ သူ့အလှတွင် ညွှတ်နူးနေ၍မရ၊ မိမိတို့ရှက်ပိုးလာသောတာဝန်က အချိန်ပြည့်လှုံ့ဆော်လျက်ရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁** ❁

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

# ပညာရပ်ဆိုင်ရာစွမ်းအား ပိုမိုတိုးတက်မြင့်မားရေး ကြိုးပမ်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆက်လက်ဖော်ဆောင်

ယနေ့ ကမ္ဘာပေါ်တွင် ပညာရေးကိုဗဟိုပြုပြီး အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ သိပ္ပံနှင့် နည်းပညာရပ်အသီးသီးသည် အထူးပြုဘာသာရပ် မျိုးကွဲပေါင်းများစွာဖြင့် ဖြန့်ကြက်တိုးပွားလာသည်။ ပညာရပ်နယ်ပယ်အသီးသီး၏ တိုးတက်ဖြစ်ထွန်းနေမှုများသည်လည်း သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် ရပ်တန့်မနေဘဲ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအသီးသီးကို အပြန်အလှန် ဆက်စပ်အကျိုးပြုလျက်ရှိနေကြသည်ကို တွေ့မြင်ကြားသိနေရသည်။

နိုင်ငံတော်အစိုးရက ပညာရပ်နယ်ပယ် ကဏ္ဍအသီးသီးတွင် နည်းလမ်းအသွယ်သွယ်ဖြင့် အဆင့်မြင့်လေ့လာမှု၊ သုတေသနပြုမှုဆိုင်ရာ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကို တစ်နိုင်ငံလုံး၌ တိုးချဲ့ဖြန့်ကြက် ဖွင့်လှစ်ပေးပြီး လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးမြှင့်ပေးနေသည်။ အဆင့်မြင့်သုတေသနပြု လုပ်ငန်းများတွင် အထောက်အကူပြုပေးမည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ် နည်းပညာအခြေပြုသည့် Resource Centre များ၊ e-Library များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအခြေခံသည့် Internet ၊ Intranet ကွန်ရက်စနစ်များကို တစ်နိုင်ငံလုံး လွှမ်းခြုံစီစဉ်ပေးထားသည်။

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်-

**"မိမိတို့၏ ကိုယ်ပိုင် အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကိုအားထားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုလို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးက ပညာရှင်များ ထပ်မံပေါ်ထွက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားသစ်များ တိုးတက်ဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အတွင်း ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ပါရဂူဘွဲ့ရ ၃၆၄ ဦးအထိ အားရဂုဏ်ယူဖွယ် ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ လက်ရှိပါရဂူဘွဲ့သင်တန်း တက်ရောက်နေဆဲဖြစ်သည့် ပညာရှင်များအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များ၌ ၂၆၀၀ ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန၏ တက္ကသိုလ်များ၌ ၁၈၀နီးပါး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ တက္ကသိုလ်များ၌ ၄၇၀ ခန့် စုစုပေါင်း ပါရဂူဘွဲ့သင်တန်းတက်ရောက်နေဆဲ ၃၂၅၀ ကျော်ရှိနေပြီဖြစ်၍ မကြာမီ ပါရဂူဘွဲ့ရပညာရှင်များ တိုးပွားပေါ်ထွန်းလာဦးမည်ဖြစ်သည်။

ယနေ့ အချိန်အခါကဲ့သို့ ပညာလွှမ်းမိုးကြီးစိုးသော ခေတ်ကာလတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော အနာဂတ်ဖန်တီးရှင်များ ဖြစ်ကြသည်။

နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေနိုင်မည့် အခြေခံကောင်းများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်ထက်မြက်စွာ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းနေခြင်းသည် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ဖော်ညွှန်းနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ပါရဂူဘွဲ့ရပညာရှင်များအနေဖြင့် မိမိတို့၏ အရည်အသွေးမြင့်မားသော ပညာရပ်ဆိုင်ရာစွမ်းအားကို ပိုမိုတိုးတက် မြင့်မားသည်ထက်မြင့်မားစေရေး၊ မိမိတို့ကဲ့သို့သော ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းနေစေရေး ကြိုးပမ်းစွမ်းဆောင်ပေးကြရန်နှင့် မိမိတို့ ကျွမ်းကျင်ရာပညာရပ်ဖြင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ဆက်လက်ဖော်ဆောင်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ရောင်းအားမြှင့်ဈေးပွဲတော် သန်လျင်၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် SMS Investor Group မှ စီစဉ်သော ရောင်းအားမြှင့် ဈေးပွဲတော်ကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းမကြီး နာရီစင်အနီးရှိ သီဟဒီပအားကစားခန်းမ၌ ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ည ၉နာရီ အထိ ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ အဆင့်မြင့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် နိုင်ငံတကာ ထုတ်ကုန်များကို အထူးဈေးနှုန်းချိုသာစွာလျှော့၍ လုပ်ငန်းရှင်များမှ တိုက်ရိုက် လာရောက်ရောင်းချပေးခြင်း၊ ကုန်ပစ္စည်း ကြော်ငြာအစီအစဉ်များ၊ ရောင်းအားမြှင့်တင်ရေး သရုပ်ဆောင်များ၏ ကြော်ငြာသရုပ်ဆောင်တင်ဆက်မှု၊ ကုန်ပစ္စည်း သရုပ်ပြမှုနှင့် ဖျော်ဖြေရေး အစီအစဉ်များကိုလည်း နေ့လယ်ပိုင်း၊ ညနေပိုင်း အစီအစဉ်များတွင် တင်ဆက်ပေးသွားမည်ဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်ကြမည် ဖြစ်သည်။

ပါဝင်ပြသ ရောင်းချလိုသော စီးပွားရေးလုပ်ငန်းရှင်များသည် ပြပွဲခန်းမသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ SMS Investor Group သို့ ဖုန်း-၀၁-၂၀၀၁၄၆ မှတစ်ဆင့် ဆက်သွယ်၍သော်လည်းကောင်း ပါဝင် ရောင်းချနိုင်ကြောင်း သိရသည်။ **(က-ပ)**

## အင်္ဂလိပ်စာအရေး သင်တန်းများဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း(အထက်) ခုံးတံတားထိပ် ဖုန်း-၂၈၆၈၇၁ တွင် ဖွင့်လှစ်ထားသော ဆရာဒွေး အင်္ဂလိပ်စာအရေးသင်တန်းတွင် လစဉ်ပုံမှန်တန်းခွဲများကို ဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်သည်။ နွေရာသီ တစ်ပတ် လေးရက်တက် သုံးလသင်တန်းများကို မတ်လ ၃ ရက်မှစ၍ အလယ်တန်း၊ အထက်တန်း ကျောင်းသားများ Essay နှင့် Letter ကိုယ်တိုင်ရေးတတ်စေရန် ဆရာဒွေး၏ မူပိုင်နည်းသစ်စာအုပ်ဖြင့် သင်ပေးမည်ဖြစ်သည်။ ထိုအရေးသင်နည်းသစ် စာအုပ်ကိုလည်း အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပြီး သင်တန်းတက်ရောက်လိုသူများ ဖော်ပြပါလိပ်စာသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကလေး၀-မော်လိုက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ကလေးမြို့သို့ရောက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ ကလေး၀-မော်လိုက် ကျောက်ချောလမ်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဖောက်လုပ်ရေး၊ ရာသီမရွေး သွားလာနိုင်သော စံချိန်စံညွှန်းပြည့်မီသည့် ကျောက်ချောလမ်းအဆင့်သို့ အဆင့်မြှင့်တင် ဖောက်လုပ်သွားရေး ဆွေးနွေးမှာကြားသည်။**

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကလေးမြို့ စည်ပင်သာယာရေးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ ကလေး၀မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ကလေး၀-မော်လိုက်လမ်းကို စည်ပင်သာယာရေးအဖွဲ့များက ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သစ်သားတံတား၊ ရေကျော်တံတားနှင့် ရေထွက်ပေါက်ပြုလုပ်ရမည့် နေရာများကိုလည်းကောင်း၊ နယ်မြေခံ စစ်အင်ဂျင်နီယာများက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မြေသားလမ်းအပိုင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေး၀မြို့သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိပြီး ဧည့်ရိပ်သာ၌ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းခင်းကျောက်များရရှိရေး၊ သယ်ယူရေး၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ကျောက်ခင်းရေး၊ ကျောက်လမ်းအချိန်မီပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလေး၀မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့သာယာလှပရေး၊ ကျေးလက်လမ်းများ အချိန်မီ ဖောက်လုပ်ပြီးစီးရေး၊ လုပ်ငန်းများ အလေအလွင့်မရှိစေရေးနှင့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်ထားသည့် ဝင်ငွေပြည့်မီရရှိအောင် ကောက်ခံရေးတို့ကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး အသိပေးရှင်းလင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်တို့ ပူးပေါင်း၍ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများ အသိပေးရှင်းလင်းပွဲကို ယမန်နေ့က ဒေသန္တရရုံးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အသိပေးရှင်းလင်းပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ၂၀မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြပြီး ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက်မန်နေဂျာ ဒေါက်တာထွန်းမြင့်က အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ **(၂၅၉)**

**စပယ်ဦး စာပေဖြန့်ချိရေး အမှတ် (၁၇၂)၊ ၃၅ လမ်း(အလယ်)၊ ရန်ကုန်မြို့ ဖုန်း-၂၈၀၂၁၄က ဖြန့်ချိသော ဆရာညိုမြ၏ ခေတ်စမ်းစာများ စာအုပ်မျက်နှာဖုံး။** (က-ပ)



## အကြိမ်(၂၀)မြောက် ပဋ္ဌာန်းပူဇော်ပွဲနှင့် ဝိနည်းစာပြန်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ဖြူးကုန်းတောရစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၂၀)မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၃ရက်မှ ၁၅ ရက်အထိကျင်းပမည်ဖြစ်ပြီး ရွှေကျင်နိကာယ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲကို ဒုတိယအကြိမ်အဖြစ် ဇန်နဝါရီ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များသည် ပဋ္ဌာန်းပွဲသံဃာတော် အပါး ၇၀ကျော်၊ စာပြန်ပွဲသံဃာတော်အပါး၂၀၀ကျော်တို့အား ဆွမ်းစသည်တို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ (၁/၂၀၀၄) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင်ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေ မေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေ မေရီက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်သူများကလည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး အစည်းအဝေးရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပညာဒါနအခြေခံနက္ခတ်ဗေဒင်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့က ဖွင့်လှစ်ခဲ့သည့် ပြည်နယ်နှင့်တိုင်း ပညာဒါန အခြေခံနက္ခတ်ဗေဒင်သင်တန်းများဆင်းပွဲကို ဇန်နဝါရီ ၄ ရက်က စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပြက္ခဒိန်တော်ဆက်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာဖေညာဏ်နှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ဒေါက်တာဖေညာဏ်က သင်တန်းဆင်းအမှာစကားပြောကြားကာ ဆရာ ဆရာမများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

## ရှင်အပါးတစ်ရာကျော်နှင့်သီလရှင်အပါးတစ်ရာ ရှင်ပြု၊ နားသမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ်အမှတ်(၃)ရပ်ကွက် အောင်ပရဟိတ ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက၏ (၅၅)နှစ် မြောက် ဝိဇာတမင်္ဂလာနှင့် တတိယ အကြိမ်မြောက် ရှင်အပါးတစ်ရာကျော်နှင့် သီလရှင်အပါးတစ်ရာ ရှင်ပြု၊နားသမင်္ဂလာအခမ်းအနားကိုဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် အဆိုပါကျောင်းတိုက်၏ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဇန်နဝါရီ၁ရက်က ရှင်လောင်းများနှင့် သီလရှင်လောင်းများအား အထူးမော်တော်ယာဉ်များဖြင့် အောင်ပရဟိတ ပရိယတ္တိစာသင်တိုက် အလှူတော်မင်္ဂလာမဏ္ဍပ်မှ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ စီတန်းလှည့်လည် ဖူးမြော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဇန်နဝါရီ ၂ ရက်တွင် ရှင်အပါး တစ်ရာကျော်နှင့် သီလရှင်အပါး တစ်ရာတို့အား ဆံချခြင်းမင်္ဂလာများကို ဆက်လက်ပြုလုပ်၍ သင်္ကန်းပရိက္ခရာစုံလင်စွာဖြင့် အောင်ပရဟိတ ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တသူရိယဆရာတော်ကြီးက ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေနှင့် သီလရှင် ဆရာလေးများအဖြစ် သွတ်သွင်းချီးမြှင့်ပေးခဲ့သည်။ ဇန်နဝါရီ ၃ ရက် တွင် ဦးစီးပဓာန နာယက ဆရာတော်ကြီးနှင့်အတူ ပင့်သံဃာအရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၁-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ သင်ပုန်းရေလောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar Made Easy

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"**(အပိုင်း-၅)
- ၁၃:၅၀ ၇။ နဂါးရေလောင်တမံ
- ၁၄:၀၅ ၈။ **"အခမဲ့ကုလီထမ်းခြင်းအကျိုး"** (ဇော်ဦး၊ သျှားညို၊ ခင်စိုးပိုင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၀။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် ( အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ နားဝင်ပီယံ သူ့လက်သံ
- ၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၂၀ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၃)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာရုပ်ရှင် **"ကောင်းကင်ထက်ကပန်းတစ်ပွင့်"** (အပိုင်း-၂) (လူမင်း၊ ထက်ထက်မိုးဦး၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်)

## ကွန်ပျူတာ သင်တန်းများဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

True Hope Computer Business Centre မှ ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ Programming အခြေခံ Course ဖြစ်သော C/C++ Programming Course ကို ဇန်နဝါရီ ၂၂ ရက် (ကြာသပတေးနေ့)မှ စ၍လည်းကောင်း၊ Java Programming Course (Level 1) ကို ဇန်နဝါရီ ၁၀ ရက် (စနေနေ့) မှ စ၍လည်းကောင်း၊ လုပ်ငန်းခွင်သုံး Programming Subject တစ်ခုဖြစ်သော Visual Basic Course ကို ဇန်နဝါရီ ၂၁ ရက် (ဗုဒ္ဓဟူးနေ့)မှ စ၍လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ရင်သွေးငယ်များအတွက် အထူးကွန်ပျူတာသင်တန်း (Computer for kids) ကို အိမ်အရောက်သင်ကြားပေးရန်အစီအစဉ်ရှိရာ တိုက်အမှတ်(၇) အခန်း ၂၁ စံပြ ဖဆပလ အိမ်ရာဝင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၃၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**




**၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ဆရာဦးရဲဝေ(မြန်မာစာ)က ထုတ်ဝေလိုက်သော ဒသမတန်းသင်ရိုးသစ် မြန်မာစာအထူးထုတ် စာအုပ်မျက်နှာဖုံး။ (ဝဲပုံ)** (က-ပ)

## ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများအားတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖမ်းဆီးရမိသော ဆေးဝါးအတုများ၊ စံချိန်မမီဆေးဝါးများနှင့် ပတ်သက်၍ မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် မြို့နယ်များအတွင်း စစ်ဆေးရန်လိုအပ်ချက်များကို မှာကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (အစားအသောက်နှင့်ဆေးဝါး)ဒေါက်တာစိုးမြတ်ထွန်းက တာဝန်ယူဆောင်ရွက်သည့် ဝန်ထမ်းများအား ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးရန်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများက မိမိတို့ ရန်ကုန်တိုင်း မြို့နယ် အသီးသီးရှိ ဆေးဝါးအတုများ၊ စံချိန်မမီဆေးဝါးများစစ်ဆေးကြီးကြပ်မှုနှင့် ပတ်သက်၍ တွေ့ရှိရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

## ဆေးတက္ကသိုလ်(၁) ဘွဲ့ရဆရာဝန်များဆရာကန်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ၁၉၆၆-၆၇-၆၈ ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ဆရာဝန်များ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် ညစာစားပွဲကို ဇန်နဝါရီ၁၇ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် အသင်းသားကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတို့ကို ဖေဖော်ဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (ဗဟန်း၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ မြို့နယ်အသင်းသူ အသင်းသားများနှင့်စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အပူဇော်ခံမည့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ စာရင်းနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်နှင့် ဂုဏ်ထူးရသူများ စာရင်းတို့ကို အောက်ပါအမှုဆောင် များထံတွင် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဦးစိုးညွန့်(နာယက)ဖုန်း၂၉၇၃၃၇၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည် (အတွင်းရေးမှူး)ဖုန်း-၂၂၁၀၁၇၊ ဦးကျော်စိုး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၀-၁၄၂၆၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈၊ ဒေါ်ဥ (အမှုဆောင်)ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့ထံဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဇန်နဝါရီ ၃ ရက်က မြောက်ဥက္ကလာ အထက (၄) ၏၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ခွင့်ရက်ပျက်မရှိဆရာမ ဒေါ်စန်းစန်းဌေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ဝဲ၂၂)

**ဇန်နဝါရီ ၃ ရက်က အမက(၆) ဒေါပုံ ပညာရေးစုံညီပွဲတော်တွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုနှင့် ၂၀၀၃-၂၀၀၄ ဘက်စုံပထမဆုရရှိသော မသက်ဆုလင်းအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းဦးက ဆုချီးမြှင့်စဉ်။** (က-ပ)

## ကွန်ပျူတာသင်တန်းများဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

Cyber Glory Training Center တွင် ၂၀၀၄ ခုနှစ် နှစ်သစ်မှစတင်၍ လုပ်ငန်းခွင်ဝင် လက်တွေ့အသုံးချမှုသင်တန်းများဖြစ်သော Windows Office XP, D.T.P, Graphic Design, Video Editing, Internet & e-mail, Programming ($C^{++}$,OOP in $C^{++}$)နှင့် Visual Basic (with MS Access and Crystal) သင်တန်းများကို အခြေခံမှစ၍ တတ်မြောက်သည်အထိ ကျွမ်းကျင်သော ဆရာ ဆရာမများက စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမှတ် ၅၅(ခုနစ်လွှာ) ကျောင်းလမ်း အလုံမြို့နယ် (ချမ်းပါပီမှတ်တိုင်အနီး) ရန်ကုန် ဖုန်း-၂၂၀၅၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ တရုတ်ဘာသာစကားပြောသင်တန်းကိုလည်း နွေရာသီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

# အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၈၅ ဦးရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၉

**အီရတ်၌ အမေရိကန်ဦးဆောင်ပြီး စစ်ပွဲဆင်နွှဲခဲ့ချိန်မှစပြီး ဇန်နဝါရီ ၈ရက် ကြာသပတေးနေ့ရောက်ချိန်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၈၅ဦးဖြစ်သည်။ ၃၃၃ ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၁၅၂ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။**

စစ်ပွဲပြီးကြောင်း မေ ၁ ရက်၌ ကြေညာခဲ့ချိန်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၄၇ ဦးဖြစ်ပြီး ၂၁၈ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်၍ ၁၂၉ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

စစ်ပွဲစတင်ခဲ့ချိန်မှစပြီး တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၂၄၄၅ ဦးဖြစ်ပြီး ၃၈၃ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် ဗြိတိသျှ တပ်ဖွဲ့ဝင် ၅၆ဦး၊ အီတလီ ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူလ်ဂေးရီးယား ငါးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန် တစ်ဦးစီသေဆုံးကြောင်း သိရသည်။

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိရာ အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဇန်နဝါရီ ၈ရက်က ဘဂ္ဂဒက်အနောက်ဘက်တွင် စိန်ပြောင်းဖြင့် တိုက်ခိုက်မှု၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၅ ဦး ထိခိုက်ဒဏ်ရာ ရသွားခဲ့ကြသည်။

**ပြောင်းရွှေ့**

ဒဏ်ရာရတပ်ဖွဲ့ဝင်များကို ရှေးဦးသူနာပြု ကုသပေးပြီးနောက် ဆေးရုံသို့ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ အချို့တာဝန်ပြန်ထမ်းဆောင်နေပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

**အန္တရာယ်ရှိဆဲ**

ယခုအခါ အီရတ်နိုင်ငံတစ်ဝန်း၌ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်တို့က လုပ်ဆောင်နေရပြီဖြစ်ရာ အီရတ်နိုင်ငံသည် အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## နံရံကိုကားနှင့်ဝင်တိုက်မိ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၈**

အီရတ်နိုင်ငံ၌ ဗြိတိသျှ ရှိရှိ်ငးယားတပ်ရင်းတွင် အမှုထမ်းနေသော တပ်ကြပ်နော်မန်ပက်တာဆွန်သည် နှစ်သစ်ကူးနေ့၏ အစောပိုင်းနာရီများအတွင်း သေဆုံးသွားခဲ့သည်။

တပ်ကြပ်ပက်တာဆွန်နှင့်အတူ ဗိုလ်မှူးဂျိမ်းစ်စတင်နာတို့ မောင်းနှင်လာသောကားသည် နံရံကိုဝင်တိုက်မိရာမှ တပ်ကြပ် ပက်တာဆွန် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထိုသို့ ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးသွားသဖြင့် စစ်ပွဲစတင်ခဲ့သည်မှ အီရတ်၌ သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅ ဦး ရှိသွားပြီဖြစ်သည်။ **(အင်တာနက်)**

**ဇန်နဝါရီ ၈ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်တွင် လက်နက်များရှာဖွေခြင်းနှင့် လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အသေခံပုံးခွဲမှုများကြောင့် စစ်ဆေးရေးစခန်းများ ထူထောင်ထားရှိ
## ကယ်ကွတ်အနီး စစ်ဆေးရေးစခန်း တိုက်ခိုက်ခံရ၍ ရဲတစ်ဦးသေဆုံး

ကယ်ကွတ် ဇန်နဝါရီ ၈

**အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့အနောက်ဘက်၌ စစ်ဆေးရေးစခန်းတစ်ခုကို တိုက်ခိုက်ရေးသမားများက ဇန်နဝါရီ ၇ ရက်က တိုက်ခိုက်ခဲ့သဖြင့် ရဲတစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးသွားခဲ့သည်။**

အမည်မသိ သေနတ်သမားက ရဲစစ်ဆေးရေးစခန်းကို ပစ်ခတ်သဖြင့် ရဲတစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးသွားကြောင်း ရဲအရာရှိ အာမက်ဟက်ဆန်အလီက ပြောကြားသည်။

စစ်ဆေးရေးစခန်း၌ နံနက် ၇နာရီ၁၀မိနစ်တွင် ပစ်ခတ်မှုဖြစ်ပွားချိန်၌ ကားတစ်စီး အဆိုပါစစ်ဆေးရေးစခန်း၌ရပ်ထားကြောင်း ၎င်းအရာရှိက ပြောဆိုသည်။

ထို့ပြင်အီရတ်နိုင်ငံ အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် အင်္ဂါနေ့က အလုပ်သွားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးသွားကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် ဩဂုတ်လထဲ၌ အသေခံကားဗုံးဖောက်ခွဲမှုများ စတင်ဖြစ်ပေါ်ခဲ့ချိန်မှစပြီး အီရတ်လုံခြုံရေးတပ်များသည် မသင်္ကာသူများကို တစ်ဦးချင်းရှာဖွေရန်အတွက် အဝေးပြေးလမ်းမကြီးများပေါ်တွင် စစ်ဆေးရေးစခန်းများကို ထူထောင်ခဲ့သည်။ **(အင်တာနက်)**

## အမေရိကန်စစ်စခန်းကို ပစ်ခတ်မှု အီရတ်၌ တိုက်ခိုက်မှု မလျော့ကြောင်းပြသ

ဝါရှင်တန် ဇန်နဝါရီ ၈

**ပင်တဂွန်စစ်ဌာနချုပ်သို့ ရောက်ရှိလာသော သတင်းများအရ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အမေရိကန်တို့၏ ထောက်ပံ့ရေးစခန်းအား မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ၎င်းတိုက်ခိုက်မှုကို အမေရိကန်ဆန့်ကျင်သည့် အင်အားစုများက လုပ်ဆောင်ခြင်းဖြစ်ပြီး အနည်းဆုံး မော်တာကျည်ဆန်ခြောက်ခု ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။ ထောက်ပံ့ရေးစခန်းအတွင်း တန်းလျားများအပေါ် မော်တာကျည်ဆန်များကျရောက်ခဲ့ဖွယ်ရှိပြီး တပ်ဖွဲ့ဝင်၃၅ဦး ဒဏ်ရာရရှိခဲ့သည်။**

**ပြီးခဲ့သော သီတင်းပတ်များအတွင်း အကြီးမားဆုံးဖြစ်သည့် တိုက်ခိုက်မှုကို ယခင်သမ္မတ ဆက်ဒမ်ဟူစိန်ကို ထောက်ခံသူများက ဆောင်ရွက်ခဲ့ခြင်း ဖြစ်နိုင်သည်။ အမေရိကန် တပ်မှူးများက အီရတ်ပြောက်ကျားများကို ချေမှုန်းရန်ကြိုးစားသည့်အနေဖြင့် ဆုငွေများထုတ်ပြန်ခဲ့ပြီး မသင်္ကာသူများကို ဖမ်းဆီးရမိသည်ဆိုသော်လည်း တိုက်ခိုက်မှုများ လျော့နည်းခြင်း မရှိကြောင်း ယင်းတိုက်ခိုက်မှုက သက်သေပြခဲ့သည် ဟုဆိုသည်။** (စီအင်န်အင်န်)

# ဗြိတိသျှသိပ္ပံပညာရှင် သေဆုံးမှုဆိုင်ရာ အစိုးရတင်ပြချက် ဝန်ကြီးချုပ် တိုနီဘလဲ စစ်ဆေးမေးမြန်းခံရ

လန်ဒန် ဇန်နဝါရီ ၈

**ဗြိတိသျှသိပ္ပံပညာရှင် သေဆုံးရမှုကို တိုနီဘလဲ၏ ဗြိတိသျှအစိုးရက စီရင်ဆုံးဖြတ်ရန် မကြာမီက တင်ပြချက်နှင့်ပတ်သက်၍ ဝန်ကြီးချုပ် တိုနီဘလဲသည် ဗုဒ္ဓဟူးနေ့၌ စစ်ဆေးမေးမြန်း ခံခဲ့ရသည်။ ဗြိတိသျှအစိုးရသည် တရားသူကြီး လော့ဒ်ဟတ်တွန် ပြီးခဲ့သည့်ဆောင်းဦးရာသီ၌ သူ၏စုံစမ်းစစ်ဆေးမှုအားအပြီးသတ်ခဲ့ပြီးနောက် လော့ဒ်ဟတ်တွန်ထံ သတင်းအချက်အလက် ပို့ပေးခဲ့ကြောင်း ဘလဲ၏ တရားဝင်ပြောခွင့်ရှိသူက ဝန်ခံပြောဆိုသော်လည်း တစ်စုံတစ်ရာအထောက်အထားသစ် ပါရှိသည်ဆိုခြင်းကို ၎င်းက ငြင်းဆိုခဲ့သည်။**

**အတိုက်အခံ ကွန်ဆာဗေးတစ်များက စုံစမ်းစစ်ဆေးချက်ကို ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ပြီး ဘလဲသည် ဟတ်တွန်၏ စစ်ဆေးတွေ့ရှိချက်များကို အခြားသူများထက် အရင်ဦးအောင် သိမ်းဆည်းခဲ့သည်ဟုစွပ်စွဲခဲ့သည်။ လော့ဒ်ဟတ်တွန်အစိုးရ၏ ကြားဝင်မှုနှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်မည်ဟု စုံစမ်းရေးအရာရှိတစ်ဦးက ပြောဆိုသည်။ ဒေးဗစ်ကယ်လီ သေဆုံးပြီးနောက်ပိုင်းတွင် လူထုဆက်သွယ်ရေးသို့ သိပ္ပံပညာရှင်၏အမည်ကို မိမိပေါက်ကြားစေသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ဘလဲက သတင်းများကို ငြင်းဆိုခဲ့သည်။** အမ်အင်အေ၊ရိုက်တာ

**ဇန်နဝါရီ ၈ ရက်က အီရတ်နိုင်ငံ အဘူဂါရစ်ဒေသ၌ ရဟတ်ယာဉ်တစ်စင်းနှင့် လုံခြုံရေးကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဘီဂဲလ်-၂နှင့် အဆက်အသွယ်ရရန် သိပ္ပံပညာရှင်များ ထပ်မံကြိုးစားမည်

လန်ဒန် ဇန်နဝါရီ ၈

**ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ခဲ့သော မားစ်အိပ်စ်ပရက်စ် အာကာသယာဉ်မှ လွှတ်တင်ထားသည့် အင်္ဂါဂြိုလ်ဆင်းယာဉ် ဘီဂဲလ်-၂ သည် ခရစ္စမတ်ကာလအတွင်း အင်္ဂါဂြိုဟ်သို့ ဆင်းသက်ခဲ့ကြောင်း ဥရောပသိပ္ပံပညာရှင်များက ယူဆကြသည်။ သို့ရာတွင် ယခုအချိန်ထိ ထိန်းချုပ်ရေးစခန်းသို့ ဆက်သွယ်ခြင်းမပြုသေးသည့်အတွက် ဗုဒ္ဓဟူးနေ့၌ အဆက်အသွယ်ရရှိရေး ထပ်မံကြိုးစားမည်ဖြစ်သည်။**

**ကုန်ကျ**

**ဘီဂဲလ် -၂သည် သိပ္ပံပညာရှင် ချားလ်ဒါဝင်၏ စူးစမ်းလေ့လာရေးယာဉ်ကို အစွဲပြုမှည့်ခေါ်ထားခြင်းဖြစ်ကာ ၇၂ ပေါင်လေးပြီး တန်ဖိုးအားဖြင့် ဒေါ်လာသန်း ၈၀ ကုန်ကျခဲ့သည်။**

(စီအင်န်အင်န်)

## ငိုကြွေး

ဇန်နဝါရီ ၈ ရက်က ဘဂ္ဂဒက်မြို့ အဘူဂရုဟက် ဆင်ခြေဖုံးရပ်ကွက်၌ အမေရိကန်တို့၏ မတရား ဖမ်းဆီး ထားခြင်းခံရသူ သား ဖြစ်သူ၏ ဓာတ်ပုံကို ကိုင်၍ ငိုကြွေးနေသောအီရတ်မိခင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဝန်ကြီးချုပ်တိုနီဘလဲရာထူးမှ နုတ်ထွက်ပေးသင့် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဟာဝဲလ်ပြောကြား

လန်ဒန် ဇန်နဝါရီ ၈

**အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိသည်ဟု စွပ်စွဲထားသည့်ကိစ္စကို အဓိကပြဿနာ တစ်ရပ်အဖြစ် ဗြိတိသျှအောက်လွှတ်တော်၌ ယမန်နေ့က ဆွေးနွေးခဲ့သည်။**

ထိုကိစ္စနှင့် ပတ်သက်ပြီး ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အမှန်ကို ထုတ်ဖော် ပြောကြားရန် ကွန်ဆာဗေးတစ် ပါတီခေါင်းဆောင် မိုက်ကယ်ဟာဝဲလ်က ယခင်ကတည်းက ထပ်ခါတလဲလဲ မေးခွန်းထုတ် နေခဲ့သည်။

**ပြဿနာကြီးထွား**

ဝန်ကြီးချုပ် တိုနီဘလဲက ယခင်က ၎င်း၏ ပြောကြားထားချက်အတိုင်း အခိုင်အမာ ဆက်လက် ရပ်တည် ကာကွယ်ပြောကြားနေသည့် အတွက် ပြဿနာ သည် ဆက်လက်ကြီးထွားလျက်ရှိနေသည်။

**ကာကွယ်ပြောကြား**

ဆက်ဒမ်ဟူစိန်သည် အဖျက်စွမ်းအား ကြီးမားသော လက်နက်များကို ထုတ်လုပ်ခဲ့သည့်အပြင် ၎င်းတို့ကို အသုံးပြုခဲ့သည်ဆိုသော ဗြိတိသျှထောက်လှမ်းရေး သတင်းများသည် မှန်ကန်ပြီး ၎င်းအနေဖြင့်လည်း ယုံကြည် ကြောင်း မစ္စတာဘလဲက အပြင်းအထန် ဆက်လက် ကာကွယ်ပြောကြားလျက်ရှိနေခြင်းကြောင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလွှတ်တော်ကို လိမ်ညာခြင်းမျိုး ရှာဖွေဖော်ထုတ် တွေ့ရှိပါက ရာထူးမှ နုတ်ထွက်ပေးသလို ဝန်ကြီးချုပ် အနေဖြင့်လည်း ရာထူးမှ ထွက်ပေးသင့်ကြောင်း ကွန်ဆာ ဗေးတစ် ပါတီခေါင်းဆောင် ဟာဝဲလ်ကပြောကြား ခဲ့ကြောင်းသိရသည်။

**(စီအင်န်အင်န်)**

## အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စိန်ပြောင်းဖြင့်အပစ်ခံရပြီးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၉**

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်အနောက်ဘက်၌ ဗုဒ္ဓဟူးနေ့ညက စိန်ပြောင်းဖြင့်တိုက်ခိုက်ခံရပြီး ရရှိခဲ့သောဒဏ်ရာဖြင့် ကြာသပတေးနေ့အစောပိုင်းက သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက် သတင်း ရပ်ကွက်က ပြောကြားသည်။

**ပစ်ခတ်တိုက်ခိုက်**

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက် အနောက်ဘက်ရှိ အမေရိကန်ထောက်ပံ့ရေးစခန်းကို ဗုဒ္ဓဟူးနေ့ နေဝင်ချိန်၌ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၃၅ဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ ရရှိခဲ့ သောဒဏ်ရာများကြောင့် နောက်ပိုင်း၌ သေဆုံးခဲ့ သည်။

**အသုံးပြုလေ့ရှိ**

အီရတ်တွင် ခုခံတိုက်ခိုက်ရေး သမားများသည် အမေရိကန် တပ်များကို တိုက်ခိုက်ရာ၌ စိန်ပြောင်းများကို မကြာခဏ အသုံးပြုလေ့ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ ၈ရက်က ဘဂ္ဂဒက်မြို့ အဘူဂရုဟက် ဆင်ခြေဖုံးရှိ အကျဉ်းစခန်း၌အမေရိကန်တို့၏ မတရား ဖမ်းဆီးခြင်းခံထား ရသော အီရတ်လူမျိုးများက ပြန်လွှတ်ပေးရန် တောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## လေ့ကျင့်ကွင်း၌မတော်တဆဖြစ်မှု ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**လန်ဒန် ဇန်နဝါရီ ၈**

အီရတ်နိုင်ငံတွင် လေ့ကျင့်သင်ကြားရေးကွင်း တစ်ခု၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး မတော်တဆမှု ကြောင့် ဗုဒ္ဓဟူးနေ့ကသေဆုံးသွားကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက အသေးစိတ် ပြောဆို ခြင်းမပြုဘဲ ပြောကြားသည်။

**အတည်ပြု**

ဘာဆာရာအနီး လေ့ကျင့်သင်ကြားရေးကွင်း၌ ဇန်နဝါရီ ၇ ရက်က ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး မတော် တဆမှုကြောင့် သေဆုံးသွားကြောင်း မိမိတို့ ဝမ်းနည်းစွာ အတည်ပြုသည်ဟု ပြောဆိုခွင့်ရှိသူက ပြောကြားသည်။

**စုံစမ်း**

မတော်တဆဖြစ်ရသည့် အကြောင်းရင်းကို စုံစမ်း လျက်ရှိကြောင်း၊ မိမိတို့ထံ အကြောင်းကြားပြီးဖြစ်ပြီး အမှုကိစ္စမပြည့်စုံမချင်း နောက်ထပ် အသေးစိတ် ထုတ်ပြန်မည်မဟုတ်ကြောင်း ၎င်းက ပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## အီရတ်အရေး ဆောင်ရွက်ရန် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အစည်းအဝေး ကျင်းပမည်

**ကုလသမဂ္ဂ ဇန်နဝါရီ ၇**

အီရတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်မှုရရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂအား ပေးမည့် အမိန့်အာဏာ မည်မျှရှိမည်ကိုဆုံးဖြတ်မည့် ကုလသမဂ္ဂနှင့် အီရတ်ခေါင်းဆောင်များ၏ အစည်းအဝေးသို့ အမေရိကန်ဦးဆောင်သော သိမ်းပိုက်မှုအာဏာပိုင်အဖွဲ့ ပါဝင်တက်ရောက်မည်ဟု အရာရှိများက ပြောဆို ကြသည်။

**ပထမခြေလှမ်း**

အဆိုပါ အစည်းအဝေးသည် ဩဂုတ်လထဲ၌ ကုလသမဂ္ဂရုံးချုပ် ဗုံးခွဲခံရပြီး နောက် ရပ်သိမ်းထားခဲ့သော အမှုထမ်းများ အီရတ်ပြန်သွားရေး မသွားရေး ဆုံးဖြတ်ရာတွင် အရေးကြီးသော ပထမခြေလှမ်းဖြစ်ကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောဆိုသည်။

**ရုပ်သိမ်းခဲ့**

အီရတ်နိုင်ငံ၏ အခြေအနေ လုံခြုံမှုမရှိတော့ကြောင်း ပြောဆိုပြီး မကြာမီ နိုင်ငံတကာဆိုင်ရာ အမှုထမ်းများကို အာနန်က ရုပ်သိမ်းခဲ့သည်။

သတင်းထောက်များကို မစ္စတာအာနန်က အင်္ဂါနေ့၌ပြောကြားရာတွင် ဘဂ္ဂဒက်ရှိ အမေရိကန်တာဝန်ရှိသူများ အပါအဝင် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ကို ကုလသမဂ္ဂသို့ အမေရိကန်ပြည်ထောင်စုက စေလွှတ်မည်ဟု မျှော်လင့် ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ဆိုသော်လည်း အမေရိကန်၏ သဘောထားအနေအထားနှင့် ရင်းနှီး ကျွမ်းဝင်သော ကုလသမဂ္ဂ သံတမန်တစ်ဦးက ပူးပေါင်းတပ်ဖွဲ့ယာယီအာဏာပိုင် အဖွဲ့သည် ပုံစံအချို့တွင် ကိုယ်စားပြုမည်ဖြစ်ပြီး အစည်းအဝေးသည်ကုလသမဂ္ဂ နှင့် အီရတ်အုပ်ချုပ်မှုကောင်စီကြား အခြေခံဖြစ်ရမည်ဟု ပြောဆိုသည်။

**(အင်တာနက်)**

## လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာကအင်္ဂါဂြိုဟ် ယခုကဲ့သို့ ခြောက်သွေ့မနေဘဲ စိုစွတ်ပူနွေးနေခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၈**

နာဆာမှ လွှတ်တင်ခဲ့သော အင်္ဂါဂြိုဟ်ဆင်းယာဉ်စပရစ်သည် စနေနေ့က အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ပြီးနောက် တနင်္ဂနွေနေ့ကစတင်ပြီး ဓာတ်ပုံများ ပေးပို့ခဲ့သည်။ စပရစ်မှာ တပ်ဆင်ထားသော ရောင်စဉ်တိုင်းကိရိယာသည် ဂျာမနီလူမျိုးတစ်ဦးက တီထွင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကိရိယာက အင်္ဂါဂြိုဟ်၏ ကျောက်သားများအတွင်း သံသတ္တုနှင့်ရေကဲ့သို့ အရေးကြီးဓာတ်ပစ္စည်းများ ပါဝင်မှု ရှိမရှိကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။ သီအိုရီအရ အင်္ဂါဂြိုဟ်သည် လွန်ခဲ့သည့် နှစ်သန်း ပေါင်းများစွာက ယခုကဲ့သို့ ခြောက်သွေ့မနေဘဲ စိုစွတ်ပူနွေးနေကြောင်း တင်ပြခဲ့ရာ အဆိုပါအချက်က သက်ရှိများအင်္ဂါဂြိုဟ်ပေါ်တွင်တည်ရှိနေနိုင်သည်ဆိုသည့်အချက်ကို ဖော်ပြနေသည်။ ထို့ကြောင့် သုတေသီများက အင်္ဂါဂြိုဟ်ပေါ်မှာ ရေရှိမရှိစူးစမ်းလိုကြခြင်းဖြစ်သည်။ စပရစ်သည် ၎င်းဆင်းသက်ရာ အနီးတစ်ဝိုက်ရှိ အင်္ဂါဂြိုဟ်မျက်နှာပြင်အနေအထားအား အဖြူအမည်းပုံများအဖြစ် ဓာတ်ပုံရိုက်ယူပြီး ကမ္ဘာမြေမြင်သို့ ပြန်လည်ပေးပို့လျက်ရှိသည်။ စပရစ်သွားလာရာမှာ လမ်းကြောင်းပြအဖြစ် အသုံးပြုသော ကင်မရာကို အသုံးပြုရိုက်ကူးခြင်းဖြစ်ကာ ရောင်စုံဓာတ်ပုံများ မပေးပို့နိုင်သေးဘဲ ရှိသည်။ စပရစ်ရွေ့လျားရာမှာ စွမ်းအင်ရရှိရေးအတွက် နေစွမ်းအင်အသုံးပြုကိရိယာများ တပ်ဆင် ထားသည်။ အင်္ဂါဂြိုဟ်ပေါ်မှာ သွားရောက်လေ့လာရန် နေရာများအနက် ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားများ ကျရောက်ခဲ့ဖွယ်ရှိသော နေရာများကိုလည်း သွားရောက်လေ့လာမည်ဖြစ်သည်။ ထို့အပြင် နေနာရီ တစ်ခုကိုလည်း ပထမဆုံးအကြိမ် ကမ္ဘာ့ပြင်ပသို့ သယ်ဆောင်သွားကာ စပရစ်မှာ တပ်ဆင်ထား သည်။ အလားတူ နေနာရီကိုလည်း ကမ္ဘာပေါ်မှာဖန်တီးကာ ဂြိုဟ်နှစ်ခုတွင် တည်ရှိမည့် နေနာရီများအဖြစ် ဖန်တီးရန် ကြိုးစားနေကြောင်း သိရသည်။

**(စီအင်န်အင်န်)**

# ဖော်လူဂျာတောင်ဘက်၌ ရဟတ်ယာဉ်ပျက်ကျ၍အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး ရဟတ်ယာဉ်၏အမြီးပိုင်းကို ဒုံးကျည်ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူပြောဆို

**ဖော်လူဂျာ ဇန်နဝါရီ ၉**

ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်း ကြာသပတေးနေ့တွင် ဒုံးကျည်တစ်စင်း ထိမှန်ခံရသဖြင့် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါ အမေရိကန် တပ်ဖွဲ့ဝင်ကိုးဦးလုံး သေဆုံးသွားခဲ့ကြောင်း မျက်မြင် တွေ့ရှိသူ တစ်ဦးက ပြောကြားသည်။

**ပျက်ကျ**

အဆိုပါ ဘလက်ဟော့ခ်ရဟတ်ယာဉ်သည် ဖော်လူဂျာမြို့ တောင်ဘက် လေးမိုင်ခန့်၌ ပျက်ကျခဲ့ကြောင်း အမှတ်(၈၂) လေကြောင်းချီတပ်မက ပြောကြားသည်။

**ထိမှန်**

မိုဟာမက်အာမက်အယ်လ်ဂျာမာလီဆိုသူ မျက်မြင်သက်သေက ဒုံးကျည်တစ်စင်းအသံကြားရပြီး ကြက်ခြေခီ အမှတ်အသားပါ ရဟတ်ယာဉ်၏ အမြီးပိုင်းကို မှန်သွားသည်ကို တွေ့ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုရာတွင် အသက်ရှင်သူ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရကြောင်း ပြောကြားသည်။

**ဖြစ်ပွား**

ဖော်လူဂျာမြို့သည် အမေရိကန်တပ်ဖွဲ့နှင့် ဒေသခံပြည်သူလူထုအကြား မကြာမကြာ တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိရာမြို့တစ်မြို့ဖြစ်သည်။

ပျက်ကျခဲ့သော ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မောင်းအဖွဲ့မှ အဖွဲ့ဝင်လေးဦးနှင့် တပ်ဖွဲ့ဝင်လေးဦး ပါရှိပြီး အရေးပေါ်ဆင်းသက်စဉ် ပျက်ကျသွားခြင်းဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့က အစောပိုင်းတွင် ပြောကြားခဲ့သည်။

အစောပိုင်းဖြစ်သည့် ဇန်နဝါရီ ၇ ရက်ညက မြို့တော်ဘဂ္ဂဒက်အနောက်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို ခုခံတိုက်ခိုက်ရေးသမားများက မော်တာစိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ၃၄ ဦး ဒဏ်ရာရရှိခဲ့သည်။

**သေဆုံး**

ဖော်လူဂျာမြို့အနီးတွင် ဇန်နဝါရီ ၂ ရက်က ကီအိုဝါအမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။

**(အင်တာနက်)**



**ဇန်နဝါရီ ၈ ရက်က ဘဂ္ဂဒက်မြို့ ကားလမ်းမကြီးတစ်ခု၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# အမေရိကန်တပ်နှင့် ပြောက်ကျား အပြန်အလှန်ပစ်ခတ် အီရတ်ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ရ

**ဖော်လူဂျာ ဇန်နဝါရီ ၈**

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် ပြောက်ကျားတို့ ဇန်နဝါရီ ၆ ရက် အင်္ဂါနေ့က အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အီရတ်လူမျိုး ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ရဲနှင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။ သို့ရာတွင် ထိုသတင်းနှင့် စပ်လျဉ်း၍ အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်ခြင်းမပြုဘဲရှိသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့အနောက်ဘက်တွင် စစ်ဆေးရေးစခန်းတစ်ခုကို ဗုဒ္ဓဟူးနေ့၌ တိုက်ခိုက်ရေးသမားများက ဝင်စီးခဲ့ရာ ရဲတစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖော်လူဂျာမြို့၌ အမေရိကန်တပ်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ လက်ထပ်ထားသည့် ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ကြောင်း သေဆုံးသူ၏ ညီဖြစ်သူနှင့် ဒေသခံရဲတစ်ဦးက ပြောကြားသည်။

**(အင်တာနက်)**

# ဘဂ္ဂဒက်၌ အမေရိကန်လေတပ် စီ–၅ ကုန်တင်လေယာဉ်ကြီး အီရတ်တို့ပစ်ခတ်မှုကြောင့် မြေပြင်သို့အရေးပေါ်ဆင်းသက်ရ

ဝါရှင်တန် ဇန်နဝါရီ ၉

**အမေရိကန်လေတပ်မှ စီ–၅ ကုန်တင်လေယာဉ်ကြီးတစ်စင်း အီရတ်နိုင်ငံတွင် ဇန်နဝါရီ ၈ ရက်က မြေပြင်မှပစ်ခတ်မှုကြောင့် ထိမှန်ခံရကြောင်း၊ အင်ဂျင်လေးလုံးအနက် တစ်လုံး မီးလောင်ပေါက်ကွဲပြီးနောက် မြေပြင်သို့ ဘေးကင်းစွာ အရေးပေါ်ဆင်းသက်နိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အဆိုပါ စီ–၅ ကုန်တင်လေယာဉ်ကြီးပေါ်၌ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၆၃ဦး လိုက်ပါလာကြောင်း သိရသည်။**

ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်မှ ပျံတက်ခဲ့သော စီ–၅ လေယာဉ်ကြီးသည် ပျံသန်းရင်း နံနက် ၆ နာရီ မိနစ် ၂၀ ၌ အင်ဂျင်လေးလုံးအတွင်း ပေါက်ကွဲမှုဖြစ်ကြောင်း အရေးပေါ်ကြေညာခဲ့သည်။ လေယာဉ်ကြီးသည် ဘဂ္ဂဒက်သို့ ချက်ချင်းပြန်လှည့်ကာ မြေပြင်သို့ ဆင်းသက်ခဲ့ရကြောင်း အမေရိကန်လေယာဉ်ရွေ့လျားမှု ကွပ်ကဲရေးဌာနချုပ်က ပြောကြားသည်။

ကနဦးရရှိသော သတင်းများက မြေပြင်မှပစ်ခတ်မှုဟု ဖော်ပြသော်လည်း လက်နက်အမျိုးအစားအပြင် အခြားအသေးစိတ်အချက်အလက်များကို မသိကြောင်း ဌာနချုပ်က ပြောဆိုသည်ဟု အီလီနွိုက်ရှိ စကော့လေတပ် အခြေစိုက်စခန်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လေယာဉ်ပေါ်၌ပါရှိသူ လေယာဉ်အမှုထမ်း ၁၁ ဦးအပြင် အခြားစစ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ၅၂ ဦးလုံး ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း ရွေ့လျားမှုကွပ်ကဲရေးဌာနချုပ်က ပြောကြားသည်။ **(အင်တာနက်)**

# လျှောင်ကယ်ဆယ်ရေးပစ္စည်းများ လေယာဉ်နှစ်စင်းဖြင့်ပေးပို့ခဲ့

**တိုကျို ဇန်နဝါရီ ၈**

အီရန်နိုင်ငံ ငလျင်ဒဏ်ခံဒေသသို့ ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးပို့ခဲ့သော ဂျပန် စီ–၁၃၀ လေယာဉ်နှစ်စင်းသည် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ လေယာဉ်နှစ်စင်းသည် အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ငလျင်ဒဏ်ခံဒေသသို့ စောင်များ၊ ယာယီတဲများ စုစုပေါင်း အလေးချိန် ၁၂ တန်ခန့်ကို သယ်ဆောင်ပြီး ဒီဇင်ဘာလ ၃၀ ရက်က သွားရောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်နှစ်စင်းသည် တနင်္လာနေ့နှင့် အင်္ဂါနေ့တို့၌ ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**(အင်အိပ်ချ်ကေ)**

**ဇန်နဝါရီ ၇ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကျင်းပရာ အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲတွင် အာဆင်နယ်မှ တိုက်စစ်မှူး သီယာရီအွန်နရီ ထိုးဖောက်ကစားစဉ်။ (ယင်းပွဲ၌ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားသည်။)**

(ဓာတ်ပုံ–အင်တာနက်)

# အီရတ်နိုင်ငံ၏လွတ်လပ်မှုနှင့်ညီညွတ်မှုကို ထိန်းသိမ်းရမည် ဆီးရီးယားနိုင်ငံသမ္မတ အာဆတ် ပြောကြား

# အင်္ဂါဂြိုဟ်ဆင်း စပရစ်ယာဉ် ရွေ့လျားမှု ပြဿနာရှိ

**ဝါရှင်တန် ဇန်နဝါရီ ၈**

နာဆာအဖွဲ့မှ သိပ္ပံပညာရှင်များ၏ ပြောကြားချက်အရ အင်္ဂါဂြိုဟ်ဆင်း စပရစ်ယာဉ်၏ ရွေ့လျားမှုနှင့် ပတ်သက်ပြီး ပြဿနာ အနည်းငယ်ရှိကြောင်း သိရသည်။ အဆိုပါ ချို့ယွင်းမှုကို ပြင်ဆင်နေရာ လာမည့် ဗုဒ္ဓဟူးနေ့မှ ပြီးစီးနိုင်ပြီး ယင်းအချက်ကြောင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ လေ့လာရေးစတင်ရန် တစ်ပတ်ခန့် နောက်ကျသွားနိုင်ကြောင်း သိရသည်။ ဒုတိယ အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် ယခုလကုန်ပိုင်းခန့်တွင် အင်္ဂါဂြိုဟ်သို့ ဆင်းသက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**



အန်ကာရာ ဇန်နဝါရီ ၈

**အီရတ်နိုင်ငံ၏ နယ်မြေပေါင်းစည်းမှု၊ လွတ်လပ်မှုနှင့် စုစည်းညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း အာဆက်က အန်ကာရာတွင် အင်္ဂါနေ့ညက သတင်းထောက်များကို ပြောကြားခဲ့သည်။**

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်သည် တူရကီနိုင်ငံသို့ သမိုင်းဝင်ခရီးသွားရောက်ခဲ့ရာတွင် တူရကီ ထိပ်တန်းအရာရှိများနှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

**ရှာတွေ့**

ထိုသို့ဆွေးနွေးရာတွင် အီရတ်နိုင်ငံ၌ ကာ့ဒ်တို့ဆောင်ရွက်ချက်များကို နှစ်နိုင်ငံစလုံးက ပြစ်တင်ရှုတ်ချသော တူညီသည့်သဘောထားကို ရှာတွေ့ခဲ့ကြသည်။

အီရတ်နိုင်ငံသစ် ထူထောင်ရာတွင် ကာ့ဒ်တို့လုပ်ဆောင်မှု ရပ်တန့်အောင် အမေရိကန်ပြည်ထောင်စုက ပြင်ဆင်မထားကြောင်း ဝေဖန်ပြောဆိုချက်အား သမ္မတ အာဆတ်နှင့် တူရကီသမ္မတ အာမက်နက်ဒက်စီဇာတို့က အင်္ဂါနေ့ည၌ ပြတ်သားစွာ တုံ့ပြန်ခဲ့ကြသည်။

**ပြစ်တင်ရှုတ်ချ**

ပူးတွဲပြုလုပ်သော သတင်းစာရှင်းပွဲတွင် တူရကီသမ္မတ စီဇာကလည်း ဤရည်မှန်းချက်ကို ပျက်စီးစေနိုင်သော မည်သည့် ချဉ်းကပ်ဆောင်ရွက်မှုကိုမဆို မိမိတို့နှစ်နိုင်ငံစလုံးက ပြစ်တင်ရှုတ်ချကြောင်း ပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

## မဒေါက်ကျောင်း၌ပဋ္ဌာန်းပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်ဗိမာန်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်(မဒေါက်ကျောင်း)ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလကြီးမှူး၍ အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲကို ပြာသိုလကွယ်နေ့မှ တပို့တွဲလဆန်း ၄ ရက်အထိ ငါးရက်တိုင်တိုင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ဗ)

## စက်မှုစွမ်းအား ခေတ်ကျော်လွှား

### စာမွန်ပန်း

**ကထိကဒေါ်မြင့်သန်း**

- ❖ စိန်ရွှေငွေ အမြောက်အမြားရယ် နဲ့၊ ထိန်ထိန်က မမောက်အားသော်လည်း၊ မထောက်ထားပါဘု ခုနေမယ်။
- ❖ ပြိုးပြိုးပြက်ပေတဲ့ ပိုးလက်ကတ္တီ ပါနဲ့၊ အထည်လွှာပန်းယဉ်နုကိုလှ၊ ညီအညာဆန်းထွင်ပြုပေမင့်၊ မြန်းချင် ဘုပယ်။
- ❖ ချိုချဉ်ငန်ဆီအအိမ့်ကိုလဲ၊ လိုချင်ဟန်သီမမိန့်ပါဘု၊ အီအဆိမ့်မုန်းပေတယ်၊ သုံးစေဖွယ်ရယ်လို့ မရည်မှန်း။
- ❖ လရိပ်စံ၊ မြဗိမာန်၊ စည်ပင် ပင်ထက်၊ ကြည်လင်လင်လိုတာရသော်လဲ့၊ ပြည်တစ်ခွင်၊ ထိုသာရကိုမှ၊ ပျိုကညာ တမိပါတော့၊ သာလွန့်သာလွန်ဆန်းတဲ့ပြင်၊ ချိုသာလှပါတဲ့ စာမွန့် စာမွန်ပန်း။ ။

## စာပေသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင် စာဖတ်သူအတွက် အတွေးအခေါ် အယူအဆ အပြောအဆိုများကို အကျိုးပြု စာပေတာဝန်ယူကြမည့် မျိုးဆက်သစ်များ ပွားများထွန်းကားစေရန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၉

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

### တက်ရောက်

နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)တို့က ဆောင်ရွက်ကြသည်။

### ခေတ်မီအောင်ချဲ့ထွင်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် စာပေဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲများနှင့် စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ခုနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့ရာ (၂၅)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲသည် ပြုစုသူ၊ ပြင်ဆင်သူ၊ ပုံနှိပ်သူနှင့်ထုတ်ဝေသူအားလုံးစုစည်းညီညွတ်စွာ အတွေးအမြင် ဖော်ထုတ်သည့် စာပေဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲကြီးဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များ၊ထုတ်ဝေသူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အရည်အသွေးရှိသည့် ပြည်သူကို အလင်းရောင်ပေးသည့်စာအုပ်များ ထွက်ပေါ်ခဲ့ပြီး အမျိုးသားရေးလက္ခဏာ ထည်ဝါစွာဖြင့် ရပ်တည်နိုင်ခဲ့ကြောင်း၊ မိမိတို့မြန်မာစာပေတွင် ဂုဏ်ယူလောက်သည့် စာပေလက်ရာများ သမိုင်းအဆက်ဆက်က ကြွယ်ဝစွာ တည်ဆောက်ခဲ့ပြီးဖြစ်၍ မြန်မာစာပေ သမိုင်းကြောင်းကို အစဉ်အလာမပျက် ဆက်လက်ထွန်းပြောင်အောင် ခေတ်မီ ပုံနှိပ်နည်းပညာများကို အသုံးပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မြန်မာစာပေသည် အတွေးအခေါ်နှင့် အဖွဲ့အနွဲ့များမှာပါ အဆင့်အတန်းရှိကြောင်းကို ပြည်ပအထိ ထိုးဖောက်ပျံ့နှံ့ သိရှိအောင် စာပေလောကသားများက ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ရေးသားထုတ်ဝေသည့် စာကောင်းပေမွန်များကို နိုင်ငံတကာသုံးဘာသာစကားများနှင့်ပါ ဘာသာပြန်ဆို ထုတ်ဝေနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

ပုံနှိပ်သူ၊ သရုပ်ဖော်သူ၊ ဒီဇိုင်းထုတ်လုပ်သူများကလည်း ခေတ်မီနည်းပညာများသုံးပြီး ပူးပေါင်းဆောင်ရွက်ပါက အဆင့်တန်းမီ၊ အရည်အသွေးကောင်း၊ လက်ရာမြောက်စာကောင်းပေမွန်များ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ မြန်မာစာပေထုတ်ဝေရေးလောက စနစ်တကျပိုမိုဖွံ့ဖြိုးရန် အာရှဒေသနှင့် နိုင်ငံတကာတွင်ပြုလုပ်သည့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာအုပ်ဈေးပွဲတော်များသို့တက်ရောက်၍ အကြံသစ်ဉာဏ်သစ်များ၊ လုပ်ငန်းမိတ်သစ်များ ရယူကာ စာပေလုပ်ငန်းနယ်ပယ်ကိုခေတ်မီအောင် ချဲ့ထွင်သွားကြရန်လိုကြောင်း။

စာပေသည် အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းနိုင်ပြီး စာဖတ်သူတို့အတွက် အတွေးအခေါ်၊ အယူအဆ၊ အမူအရာ၊ အပြောအဆိုများကို အကျိုးပြုနိုင်သည့်အတွက် စာပေတာဝန်ယူကြမည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပွားများထွန်းကားလာစေရန်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊မြန်မာနိုင်ငံစာပေထုတ်ဝေရေးမှာ ကမ္ဘာနှင့်ချီပြီးလုပ်ငန်းသဘောများထုံးမိစ်မျှရှင်သန်ထွန်းကားရေးအတွက် နိုင်ငံတကာတွင် လက်ရှိကျင့်သုံးနေသောဉာဏအားနှင့်ဖန်တီးသည့် စာပေလက်ရာများမူပိုင်ခွင့်ကို တလေးတစားအသိအမှတ်ပြုပြီး လိုက်နာကျင့်သုံးကြရန် အထူးပင်လိုအပ်ပါကြောင်း။

စာပေထုတ်ဝေရေးနှင့် ပတ်သက်ပြီး အီလက်ထရွန်နစ်စာအုပ်ထုတ်ဝေရေးကဲ့သို့ နည်းနာများကိုစတင်သုံးစွဲကြသည်ကို တွေ့ရသည့်အတွက် အားတက်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ဤနယ်ပယ်သစ်တွင် စနစ်တကျ အကျိုးစီးပွားဖြစ်အောင် သုံးစွဲနိုင်ကြရန် လိုအပ်ကြောင်း၊ မြန်မာစာပေကို ကမ္ဘာပြန့်အောင်လုပ်ကိုင်နိုင်ရန် စာပေယဉ်ကျေးမှုဆိုင်ရာ ကုန်ကြမ်းများလည်းလုံလုံလောက်လောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုဆက်လက်ကျင်းပမည့်နှီးနှောဖလှယ်ပွဲ၏ ဆွေးနွေးသုံးသပ်ချက်များမှ စာပေထုတ်ဝေရေးလုပ်ငန်းကြီး စနစ်တကျခိုင်ခိုင်မာမာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သောအကြံကောင်း၊ဉာဏ်ကောင်းအချက်အလက်များ ပေါ်ထွက်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုနှီးနှောဖလှယ်ပွဲ ကျင်းပခြင်းသည် စာပေနယ်ပယ်နှင့် ထုတ်ဝေရေးနယ်ပယ်မှ လောကသားများကိုအသိအမြင်ကြွယ်ဝပြီး စေတနာပေါ်ထွက်အောင်နှိုးဆော်နိုင်ပြီး မြန်မာစာပေယဉ်ကျေးမှုများ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ထိုးဖောက်ကာ ဆက်လက်ဖွံ့ဖြိုး ရှင်သန်နိုင်အောင် မိမိတို့အကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုး အတွက်ပါ အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

### တက်ညီလက်ညီဖြစ်ရန်လိုအပ်

ယင်းနောက်နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌဦးမျိုးသန့်(မောင်ဆုရှင်)ကတင်ပြဆွေးနွေးကြမည့်ဘာသာရပ်များနှင့် စပ်လျဉ်း၍ စာပေထုတ်ဝေရေးခရီး၏ အကြမ်းခွဲခြားနိုင်သော အဓိက လုပ်ငန်းနယ်ပယ်ကြီးခုနစ်ရပ်တွင် စာရေးသူတို့က အသိပညာနှင့်စေတနာ ထည့်သွင်းနိုင်မှု၊ တည်းဖြတ်သူတို့၏ စာပေအရာတွင် ကျွမ်းကျင်ပိုင်နိုင်မှု၊ သရုပ်ဖော်သူပညာရှင်တို့၏ လက်ရာပြောင်မြောက်မှု၊ ပုံနှိပ်ကျွမ်းကျင်သူတို့က စက်ပစ္စည်းနှင့် နည်းပညာပေါင်းစပ်လျက် စာအုပ်အဆင်အပြင် သပ်ရပ်လှပစွာ ပုံနှိပ်ချုပ်လုပ်ပေးမှု၊ ထုတ်ဝေသူတို့က အရင်းအနှီးနှင့် စိတ်ကူးစေတနာပေါင်းစပ်ကာ ကြီးကြပ် စီစဉ်ထုတ်ဝေမှု၊ ရောင်းချသူတို့၏ အကျိုးအမြတ်မျှတစွာထောက်ချင့်၍ကွန်ရက်ဖြန့်ကြက်ထိရောက်စွာ ဖြန့်ဝေနိုင်မှုနှင့် စာကြည့်တိုက်မှူးတို့၏ ပညာဘဏ်တိုက်တံခါးသော့ချက်ကို ပိုင်နိုင်စွာ သုံးစွဲထိန်းသိမ်းနိုင်မှုတို့ကို လက်ညီတက်ညီဖြစ်စေရန်လိုအပ် ကြောင်းဖြင့် မိတ်ဆက်ရှင်းလင်း စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ်ဒေါက်တာကျော်စိန်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါ်ခင်ခင်(ကလျာ-ဝိဇ္ဇာ/သိပ္ပံ)နှင့်ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိဒေါက်တာကျော်စိန်က "ရေးဖွဲ့သူကဏ္ဍ"တွင် ပါဝင်သည့် ဝတ္ထု၊ ဘာသာပြန်စာတမ်းများနှင့်ပတ်သက်၍ မိတ်ဆက်ပေးသည်။

ယင်းနောက် ရေးဖွဲ့သူကဏ္ဍတွင် ဝတ္ထုနှင့်ပတ်သက်သော စာတမ်းကိုဆရာမကြီး ဒေါ်ခင်ဆွေဦးက ဖတ်ကြားတင်ပြပြီး တက်ရောက်သူများ၏ ဖြည့်စွက်ဆွေးနွေးချက်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရေးဖွဲ့သူကဏ္ဍတွင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က "၁၀နှစ်တာဘာသာပြန်စာပေခရီး" စာတမ်းကို ဖတ်ကြားတင်ပြပြီး တက်ရောက်သူများ၏ ဖြည့်စွက်ဆွေးနွေးချက်များကို စာတမ်းရှင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များ ညနေပိုင်းတွင် ပြီးစီးသွားသည်။

### လှူဒါန်း

စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၃ ရက် အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအတွင်း ကျင်းပသွားမည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲသို့ ဦးမောင်မောင်အေး(အလင်္ကာဝတ်ရည်) (ကဗျာဆရာမောင်ဟောမာ)က ငွေကျပ် ၂၅၀၀၀၀၊ ဒေါ်ချိုချိုတင်(မစန္ဒာ)က ငွေကျပ် ငါးသောင်း၊ ဦးကျော်ညွန့်(ကျော်ညွန့်ရည်)(မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်)-ဒေါ်ဝါဝါကျော်တို့က ငွေကျပ် ငါးသောင်း၊ ဦးချစ်စံ(ချစ်စံဝင်း)-ဒေါ်မော်မော်(လမင်းအိမ်)တို့က ငွေကျပ် လေးသောင်းနှင့်ဒေါက်တာ သာထွန်းဦး (တူဒေး စာအုပ်တိုက်)က ငွေကျပ် လေးသောင်းတို့ကိုလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## MRA နွေရာသီအထူး အင်္ဂလိပ်စာ သင်တန်းများဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

MRA (Myanmar Royal Academy) အင်္ဂလိပ်စာ စင်တာတွင် Intermediate Level အင်္ဂလိပ်သဒ္ဒါ၊ စကားပြော၊ အရေးအဖတ် General English သင်တန်းများ၊ G.C.E-English နှင့် Medical English အထူးသင်တန်းများအပြင် အထူးအင်္ဂလိပ်စာ တစ်လသင်တန်းနှင့် အထူးအင်္ဂလိပ်စာသုံးလနှင့် ခြောက်လသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဇန်နဝါရီ ဒုတိယရက်သတ္တပတ်တွင် Post-Intermediate English, English in Business Studies နှင့် TOEFL အထူးအင်္ဂလိပ်စာသင်တန်းများ၊ တရုတ်ဘာသာစကား အထူးသင်တန်းနှင့် ဖေဖော်ဝါရီလကုန်၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကောလိပ်၊ ဘွဲ့ရ-ဘွဲ့ကြိုအဆင့်ဟူ၍ Beginners မှ Advanced အထိ အဆင့် (၁၀)ဆင့်ခွဲခြား၍ အင်္ဂလိပ်သဒ္ဒါစကားပြော၊ အရေးအဖတ် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၉လမ်း (အလယ်) အမှတ်၅၇ မြေညီထပ် ဖုန်း-၂၂၂၁၂၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့သည် မြို့နယ်တွင်းပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် စီမံချက်ချမှတ်ကာပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က (င/ခ)ရပ်ကွက် လူနေအိမ်နှင့် အလုပ်ရုံများ၌ မီးကာကွယ်ရေးပစ္စည်းများ ထားရှိမှုအခြေအနေတို့ကို မြို့နယ်ဥက္ကဋ္ဌ ဦးနေဝင်း၊ မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် အရန်မီးသတ်တပ်ခွဲ(၁)၊ တပ်ခွဲ(၂)၊ တပ်ခွဲ(၃)၊ တပ်ခွဲ(၄)နှင့် တပ်ခွဲ(၅) တပ်ခွဲမှူးများနှင့် တပ်ဖွဲ့ဝင်များ အဖွဲ့ငါးဖွဲ့ခွဲ၍စစ်ဆေးကြစဉ်။** (ဝ၅၂)

**ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့**

## ရွှေဘုန်းပွင့်စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း လုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၉

**ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ပြုပြင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ ညနေ ၅ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းမှ မပြီးပြတ်၍ ကျန်ရှိနေသေးသော ဘုရားကြီးကိုးဆူတန်ဆောင်း ရွှေ့ပြောင်းပြုပြင်တည်ဆောက်ရေးအတွက် ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သည်။**

ယင်းဆွေးနွေးပွဲသို့ ဘက်စုံမွမ်းမံတည်ဆောက်ရေး အဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ၊စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အနေများကို ကြည့်ရှုစစ်ဆေးပြီး တတိယအကြိမ်ဘက်စုံ မွမ်းမံတည်ဆောက်ရေးလုပ်ငန်းတွင် ကျန်ရှိနေသော ဘုရားကြီးကိုးဆူတန်ဆောင်း ရွှေ့ပြောင်း တည်ဆောက်နိုင်ရေးအတွက် မြေနေရာနှင့် တည်ဆောက်မည့် ဒီဇိုင်းပုံစံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

**(သတင်းစဉ်)**

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘက်စုံမွမ်းမံတည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညိုပြီးနောက် ရင်ပြင်တော်၌ ပြုပြင်တည်ဆောက်ပြီးစီးသွားသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် ဗုဒ္ဓစက်တော်ရာတန်ဆောင်းအတွင်းရှိ ဗုဒ္ဓစက်တော်ရာနှင့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ဆီမီးနှင့် သောက်တော်ရေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးက ယင်းတန်ဆောင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်များ ပြုပြင်မွမ်းမံထားရှိမှု အခြေ

## လွတ်လပ်ရေးနေ့ပြပွဲ သတ္တမနေ့ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၉

**(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅နာရီထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သတ္တမနေ့အဖြစ် ဆက်လက်ပြသရာ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲခင်းကျင်းပြသရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ လာရောက်ကြည့်ရှုအားပေးကြသည်။**

ပြခန်းများအနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ပြခန်းတွင် နိုင်ငံတော် အကြီးအကဲ၏ နယ်စပ်ဒေသခရီးစဉ်၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ နယ်စပ်ဒေသပညာရေးနှင့် ကျန်းမာရေးလုပ်ငန်း၊ နယ်စပ်ဒေသ လမ်းတံတားလုပ်ငန်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၏ မဟာဗျူဟာ ရည်မှန်းချက်ခြောက်ရပ်၊ နယ်စပ်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေး၊ နယ်စပ်ဒေသ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ပြကွက်များကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ဝေဝေဆာဆာ ပြသထားသည်ကို တွေ့ရသည်။

**ဉာဏ်စမ်းပဟေဠိ**

အလားတူကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုနေသည်ကို တွေ့ရသည်။

ပြပွဲခန်းမအပြင်ဘက်တွင်လည်း ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့ကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

**ကြည့်ရှုလေ့လာ**

ယနေ့ပြပွဲသို့ ရပ်ဟန်းရှင်လူပြည်သူလူထု စုစုပေါင်း ၄၇၁၅ ဦး လာရောက် ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲကိုဇန်နဝါရီ၁၁ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆိုအခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

## မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စင်ကာပူအသင်း(မြန်မာ)ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် Singapore Association in Myanmar (SAM)၏ (၉)ကြိမ်မြောက် ရန်ပုံငွေဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ် ဟိုတယ်မြက်ခင်းပြင်၌ ဇန်နဝါရီ၁၁ရက် နံနက်၁၀နာရီမှ ညနေ၃နာရီအတွင်းကျင်းပမည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ကုမ္ပဏီများ၊ ရန်ကုန်မြို့ဟိုတယ်ကြီးများက စားသောက်ဖွယ်ရာများ၊ လူသုံး၊ အိမ်သုံးနှင့် အမှတ်တရပစ္စည်းများကို ဆိုင်ခန်းများဖွင့်လှစ်ပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်။ တေးဂီတဖျော်ဖြေပွဲများ၊ ပျော်ရွှင်ဖွယ်ရာ ကစားပွဲများ၊ ကံစမ်းဆုမဲများ အစီအစဉ်များလည်း ပါဝင်သည်။ ဈေးရောင်းပွဲတော်မှရရှိသော အမြတ်ငွေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းပေးအပ်မည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

## နိုင်ငံခြားဘာသာစကား သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

Aung Language Centre ၌ ဝါရင့်ဆရာများ၏ စေတနာဖြင့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ မလေးရှားနှင့် ကိုရီးယား အခြေခံအရေး၊ အဖတ်၊ အပြော သင်တန်းများကို တတ်ကျွမ်းအောင် ဇန်နဝါရီ ၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဘာသာရပ်အားလုံးကို စနေ၊တနင်္ဂနွေနေ့များတွင်သာ သင်ကြားပေးမည်ဖြစ်သည်။

အထူးဘာသာအဖြစ် ဂျပန်ဘာသာကို အခြေခံပိုင်နိုင်စွာ တစ်ဦးချင်းခေတ်မီထိရောက်သော နိုင်ငံတကာစာအုပ်များမှ သင်ရိုးညွှန်းတမ်းများနှင့် တနင်္လာနေ့မှ သောကြာနေ့ထိ တစ်ပတ် ငါးရက် နံနက် ၈ နာရီမှ ၉ နာရီခွဲ၊ ၁၀ နာရီမှ ၁၁ နာရီခွဲထိ အစိုးရဝန်ထမ်းများအား ညနေ ၅ နာရီခွဲမှ ည ၇ နာရီထိ အရှေ့ရန်ကင်း တိုက် ၂၈၂ အခန်း(၁) ရန်ကင်းကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး) မင်းထိုက်စာပေအိမ် ဖုန်း–၅၅၅၉၉၂သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။

**(က–ပ)**

**ဒီဇင်ဘာ ၂၄ ရက်မှ ၂၉ ရက်အတွင်း ဖယ်ခုံမြို့နယ်အတွင်း ရှာဖွေတွေ့ရှိခဲ့သည့် ဘိန်းခင်း ၁၄၂ဒသမ၇ဧကအား ပူးပေါင်းအဖွဲ့က ဖျက်ဆီးနေစဉ်။**
(သတင်းစဉ်)

## ဖယ်ခုံမြို့နယ်အတွင်းဘိန်းခင်းများရှာဖွေဖျက်ဆီး

**ရန်ကုန် ဇန်နဝါရီ ၉**

၂၀၀၃–၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း)ဖယ်ခုံမြို့နယ် ခေါင်းဘီကျေးရွာအုပ်စု ဘောရန်ကျေးရွာ ရီနွဲ့ကျေးရွာအုပ်စု ပီကင်းကျေးရွာနှင့် ရီလုံ ရီကန်ကျေးရွာအုပ်စု လပင်လုံကျေးရွာအနီးတစ်ဝိုက် တောင်ကြောများပေါ်၌ တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၄၂ ဒသမ ၇ ဧကကို ရှာဖွေတွေ့ရှိဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ်ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်အထိ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၀၇၆၅ဒသမ ၃၇ ဧက ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓမ္မာသီရိဗိမာန်ခန်းမ၌ ကယားပြည်နယ် အထူးဒေသ(၁) အဖွဲ့ဥက္ကဋ္ဌ ဦးဒွေးကိုနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

✲ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတားလုပ်ငန်းများ၊စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများကို တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ *ကျောဖုံးမှ*

Nexus Agricultural Resources Sdn. Bndက ထုတ်လုပ်သည့် တုံးလုံးဆန်ဖြူဖွပ်စက်၊ စပါးနှင့်လုံးတီးခွဲထုတ်စက်၊ ဆန်ဖြူ ဝိုင်းဆန်ခါ၊ သောင်းဝင်း စက်မှုလက်မှုမှ ထုတ်လုပ်သည့် ၂၅ တန်ကျ ဆန်ဖြူဖွပ်စက်၊ လုံးတီးစက်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ပြသသည့် ခေတ်အဆက်ဆက် စပါးမှ ဆန်ဖြူထုတ်လုပ်ပုံ အဆင့်ဆင့်ပြကွက်၊ ဆန်စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်မှုပြကွက်တို့ကိုလည်းကောင်း၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ထုတ်လုပ်သည့် နိုင်ငံတကာအဆင့်မီ ကြိတ်လုံးများ၊ ဘိလပ်ဆန်ခါများ၊ ဆန်အရောင်တင်စက်၊ စပါးအခွံချွတ်စက်၊ စပါးသန့်စင်စက်၊ လုံးတီးနှင့် စပါးခွဲခြားစက်၊ စပါးခွံခွာတ်ငွေ့ အင်ဂျင်စက်၊ တုံးလုံးဆန်ဖြူဖွပ်စက်၊ ဆန်ဖြူဝိုင်းဆန်ခါ၊ ဆန်စက်နှင့် ဆန်စက်အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်တွင်းကုမ္ပဏီများက တီထွင်ထုတ်လုပ်သည့် ဆန်စက်နှင့် အပိုပစ္စည်းပြခန်းများ၊ Trust & Development Co., Ltd.က တီထွင်ထုတ်လုပ်ထားသော အဆင့်မြင့် အီလက်ထရွန်နစ်ပစ္စည်းများပြခန်း၊ စပါး/ဆန် ချိန်တွယ်မှုဆိုင်ရာပစ္စည်းပြခန်း၊ ပြည်တွင်း/ပြည်ပ ဆန်စပါးရောင်းဝယ်ဖောက်ကားမှုပြခန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းပြခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

### လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြပွဲကျင်းပရေးဦးစီးကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ-၂၀၀၄ အထိမ်းအမှတ် ဂါရဝပြု လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေပိုင်းတွင် ပြပွဲကျင်းပရာ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာနမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# စီးပွားကူးသန်း ရှေ့သို့လှမ်း

## (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဇန်နဝါရီ ၉**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးဆက်လက် ပေးပို့လျက်ရှိသည်။**

### နီပေါနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါနိုင်ငံဘုရင်မင်းမြတ် ဂျန်နင်ရာဘီဘီခရမ်ရှားဒေ့ဗ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများတိုးတက်ကြီးပွားစေရန်ဆုမွန်ကောင်းများပို့သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ရှိပြီးဖြစ်သော ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးတက်မည် ယုံကြည်ပါကြောင်းဖော်ပြပါရှိသည်။

အလားတူပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် စူရာဘဟားဒူးသာပထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

### မလေးရှားနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့်ပြည်သူများထံ မိမိဝမ်းမြောက်ဂုဏ်ယူစွာနှင့် လှိုက်လှဲနွေးထွေးစွာ သဝဏ်လွှာပို့သပါကြောင်း၊ မြန်မာနိုင်ငံတော်သည် အဆွေတော်၏ ဦးဆောင်မှုဖြင့် ပိုမို၍တိုးတက်ဖွံ့ဖြိုးမည်ဟု မိမိယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လမ်းပြမြေပုံအကောင်အထည်ဖော်ရာတွင် တိုးတက်မှုကို မိမိသတိပြုမိပါကြောင်း၊ မလေးရှားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရင်းနှီးသောဆက်ဆံမှုသည် မိမိတို့နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် ပိုမိုခိုင်မာမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

### ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည် ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်နိုရိုဒွန်သီဟာနုထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် အရာရာအောင်မြင်မှုရစေရန် မိမိကိုယ်တိုင်နှင့်ကမ္ဘောဒီးယားအစိုးရနှင့်ပြည်သူများ ကိုယ်စားဝမ်းမြောက် ဂုဏ်ယူစွာ နှုတ်ခွန်းဆက်ပြီး ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## မီးသတ်တပ်ဖွဲ့စစ်တီးဝိုင်းဝန်ကြီးကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ မွန်းလွဲပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်တီးဝိုင်းပြိုင်ပွဲ၌ ဝင်ရောက် သရုပ်ပြသကြမည့် မီးသတ်တပ်ဖွဲ့ စစ်တီးဝိုင်းအဖွဲ့၏ လေ့ကျင့် တီးခတ်မှုကိုကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

မီးသတ်တပ်ဖွဲ့ စစ်တီးဝိုင်းအဖွဲ့၏ လေ့ကျင့်တီးခတ်မှု ပြသအပြီးတွင် ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ Mantra ကုမ္ပဏီပါဝင်ပြသ

**ရန်ကုန် ဇန်နဝါရီ ၉**

Mantra ကုမ္ပဏီသည် မြန်မာနိုင်ငံအတွက် Conveyor Belt နှင့် ပတ်သက်သောပစ္စည်းများကို ဆန်စက်များသို့ ဖြည့်ဆည်းပေးနေသော တစ်ခုတည်းသော ကုမ္ပဏီဖြစ်၍ ဆန်စက်များတွင် သာမက စက်ရုံအလုပ်ရုံများအတွက် လိုအပ်သော Conveyor Belt များနှင့် ပတ်သက်၍ နည်းပညာပံ့ပိုးပေးခြင်း၊ ဖာထေးပြုပြင်ခြင်းနှင့် Conveyor Line ဒီဇိုင်းများကို တွက်ချက်ပေးခြင်း၊ တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ တွင် ပါဝင်ပြသနေကြောင်း သိရသည်။ **(က-ပ)**

## “မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄” စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန “မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄”စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန ဒုတိယထပ်၌ကျင်းပရာ “မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ-၂၀၀၄” ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး အထွေထွေမန်နေဂျာ ဦးမျိုးဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်မြင့်က “မြန်မာနိုင်ငံ၏ ဆန်စပါးသုံးစွဲမှုပုံစံအမျိုးမျိုး နှင့်ပတ်သက်၍ လေ့လာတင်ပြချက်” စာတမ်းကို လည်းကောင်း၊ Bernas Malaysia မှ Dr. Larry Wong က “Supply Chain Management” (ဆန်ပံ့ပိုးမှုကွင်းဆက်စီမံခန့်ခွဲမှု) စာတမ်းကို လည်းကောင်း၊ ဂျပန်နိုင်ငံ Satake Corp., မှ အထွေထွေမန်နေဂျာ Mr. Shoichi Tanaka က “New Concepts in Rice Milling” (ဆန်ကြိတ်ခွဲရေးနှင့်သက်ဆိုင်သည့် အယူအဆသစ်)စာတမ်းကို လည်းကောင်း၊ ဦးသောင်းဝင်း (သောင်းဝင်းစက်မှုလက်မှု)က “မြန်မာနိုင်ငံ ပုဂ္ဂလိကဆန်စက်များ အရည်အသွေးမြင့်မားရေး”စာတမ်းကို လည်းကောင်း ဗီဒီယိုဆလိုက်များဖြင့် ဖတ်ကြားကြသည်။ **(သတင်းစဉ်)**

## ဆေးပညာအဖွဲ့ ကွင်းဆင်းကုသမည်

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာ အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သန်းတိုး ဦးဆောင်သော ဆေးပညာ အဖွဲ့သည် ဧရာဝတီတိုင်း ဟင်္သာတမြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများ ပြုလုပ်မည်ဖြစ်ရာ အကြောအဆစ်ရောဂါရှိသူများနှင့် ခြေတုလက်တုပြင်လိုသူများဟင်္သာတ ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနသို့ အဆိုပါနေ့ နံနက် ၉ နာရီမှ ၁၂ နာရီ အတွင်း လာရောက် ပြသကုသနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒီဇင်ဘာ ၂၇ ရက်က လှိုင်သာယာမြို့နယ် ပညာရေးမိသားစုအုပ်စု(၆)၏ ပညာရည်ထူးချွန်ဆုပေးပွဲတွင် အမက(၂၇)မှ ဘာသာစုံ ပထမဆုရ မဆုဆုလှိုင်ဌေးအား အုပ်စုအဖွဲ့ခေါင်းဆောင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ညွှန့်က ဆုချီးမြှင့်စဉ်။ (က-ပ)**

**နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့**

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှ အပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွက်**
**(၁၁-၁-၂၀၀၄)ရက် နှင့်**
**(၂၅-၁-၂၀၀၄)ရက်နေ့**

## မဟာစည်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၉

ကြို့ပင်ကောက်မြို့ ကျစွာ ရန်အောင် မြင်ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဉာဏသီရိ (မဇ္ဈိမစရိယ)နှင့် ဇောဓိရိပ်သာကျောင်းတိုက် ဘဒ္ဒန္တဉတ္တမ(ဂန္ထဝါစက စာချနာယက) သာသနဓဇမ္မာစရိယ မဟာစည်နယ် လှည့်ဓမ္မကထိက အရှင်နှစ်ပါးသည် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်ရွာတွင် တပို့တွဲ လဆန်း ၁ ရက်နေ့မှစ၍ လကွယ်နေ့အထိ တစ်လတိုင်တိုင် ဝိပဿနာတရားစခန်းဖွင့်လှစ်ဟောကြားမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

## သားငါးပွံ့ဖြိုး ပြည်အကျိုး

# မြန်မာတို့ ကြိုးပမ်းနေသော မူးယစ်ဆေးဝါးပပျောက်ရေး

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့ကျကျ ကြိုးပမ်းမှုကြောင့် တစ်လှမ်းပြီးတစ်လှမ်း ခရီးရောက်ကာ တစ်ဆင့်ပြီးတစ်ဆင့် ပန်းတိုင်သို့ ခရီးပေါက်အောင် လျှောက်လှမ်းလျက်ရှိသည်။

ထိုမူးယစ်ဆေးဝါးပြဿနာသည် မြန်မာတို့ အသားလွတ်၊ အချောင်၊ အတင်းထိုးပေးသွားခြင်းခံခဲ့ရသော ဆိုးမွေဖြစ်ကြောင်း အကြိမ်ကြိမ်ဆိုခဲ့ဖူးပေပြီ။ စင်စစ်ဘိန်းသည်ကမ္ဘာ့အနောက်ခြမ်းမှနယ်ချဲ့သမားတို့သယ်လာပြီး ကိုလိုနီနယ်မြေများတွင် အတင်းစိုက်ပျိုးစေခဲ့ပြီးမှ ထိုဘိန်းဖြင့် စီးပွားရှာသွားကြသည်။ စီးပွားလည်း ဖြစ်သွားသည်။ အာရှနိုင်ငံများစွာ၌ နယ်ချဲ့ကို ခုခံနိုင်စွမ်းမရှိသော ဘိန်းစားများ ဖြစ်ပေါ်စေခဲ့သည်။

မြန်မာတို့သည် လွတ်လပ်ရေးရချိန်မှစပြီး ဘိန်းပပျောက်ရေးကြိုးစားခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှု၊ ကေအမ်တီတရုတ်ဖြူကဲ့သို့သော ဘိန်းသောင်းကျန်းသူများ၏ ဘိန်းဖြူထုတ်လုပ်စီးပွားရှာမှုတို့ကို ရင်ဆိုင်တွန်းလှန်နေခဲ့ရသည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ငြိမ်မှုရရှိသည်နှင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ဇောက်ချပြီး ကျားကုတ်ကျားခဲ လုပ်ဆောင်ကြိုးပမ်းခဲ့ရသည်။

ဤဆောင်းပါးရှင်နှင့်တကွ ကလောင်ရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ အကြိမ်ကြိမ်တင်ပြဖူးသည့်အတိုင်း ဘိန်းပြဿနာ ဖြေရှင်းနေဆဲ အချိန်တွင် ပြည်ပ ပယောဂဖြင့် တမင်ဖန်တီးလိုက်သော ယာဘခေါ် စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကို ကြုံနေရပြန်သည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖော်စပ်ထုတ်လုပ်ရာ၌ အသုံးပြုသော အက်ဖီဒရင်း၊ ကဖင်းစသည့် ဓာတုဆေးဝါးဆက်စပ်ပစ္စည်းများမှာ မြန်မာပြည်မှထွက်သော ပစ္စည်းများမဟုတ်ချေ။ ထိုဆက်စပ်ပစ္စည်းများကို မည်သို့သော အကြောင်းပြချက်နှင့်မှ မြန်မာနိုင်ငံက တင်သွင်းခြင်းမရှိ။ ဘိန်းသည် ပင်လျှင် သွားလေသူနယ်ချဲ့သမားတို့ ခိုးသွင်းလာသော မှောင်ခိုပစ္စည်းဖြစ်သည်။ ဘိန်းမှ ဘိန်းဖြူချက်နည်းနှင့် ဘိန်းဖြူချက်ကိရိယာ ဓာတုပစ္စည်းများသည်လည်း ကေအမ်တီ တရုတ်ဖြူများနှင့် ကေအမ်တီတို့၏ ပစ္စည်းလေးပါးဒါယကာ စီအိုင်အေတို့သွင်းလာသည့် မှောင်ခိုပစ္စည်းပင် ဖြစ်သည်။ စိတ်ကြွဆေးပြား ထုတ်လုပ်သည့် ဆေးပြားရိုက်စက်၊ အက်ဖီဒရင်း၊ ကဖင်း ဓာတုပစ္စည်းများသည် ကာလပေါ် ဘိန်းသောင်းကျန်းသူတို့ နယ်စပ်ရှိ တောကြိုအုံကြားသို့ ခိုးသွင်းကာ ထုတ်လုပ်ပြီးမှ အထုပ်ထမ်းကာ နယ်စပ်မှပြန်ထွက်သွားနေသော မှောင်ခိုပစ္စည်း ဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြားသည် ထိုဆက်စပ်ပစ္စည်းများအဝင်မခံ၊ ချုံကြိုချုံကြားခိုးဝင်ပြီး ဆေးပြားထုတ်လုပ်သူများလည်း အဝင်မခံ၊ ဆေးပြားလည်း အဖြန့်မခံဘဲ ဆေးပြားထုတ်လုပ်၊ သယ်ဆောင်၊ သိုလှောင်၊ ရောင်းချမှုများ တွေ့ရာနေရာ၌ဖမ်းပြီး ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်လျှင် အမြစ်ပြတ်သွားနိုင်ပေသည်။ ဘိန်းဖြူထုတ်လုပ်မှုများကိုလည်း တွေ့ရာနေရာ၌ အပြတ်ရှင်းပစ်နိုင်သည်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရန်ကိုမူကား နှစ်ပေါင်းများစွာ ကိုလိုနီအမွေဆိုးဆက်ခံ နယ်ချဲ့အမွေဆိုး ကျိန်စာသင့်နေရသည့် နယ်စပ်ဒေသမှ သွေးချင်းများကို အပြုသဘောဖြင့် စည်းရုံးသိမ်းသွင်းယူရမည်ဖြစ်သည်။ ဘိန်းအစားထိုး စိုက်ပျိုးသီးနှံများ အခြား အစားထိုးဖွံ့ဖြိုးရေးနည်းလမ်းများဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်အောင် ညင်ညင်သာသာ အသွင်ကူးပြောင်းယူရမည်ဖြစ်သည်။

ဘိန်းအစားထိုးသီးနှံများ၊ မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်ခရီးပေါက်လာသည့်အတွက် ဘိန်းစိုက်တောင်သူများကိုယ်တိုင် ဘိန်းမျိုးစေ့များ စွန့်လွှတ်ပေးအပ်လာကြသည်မှာလည်း မြန်မာသိ၊ ကမ္ဘာသိ ရလဒ်ကောင်းများပင်ဖြစ်သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေး ၁၅ နှစ်စီမံကိန်းသည်ပင်လျှင် တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုများ ဝေဆာဖြစ်ထွန်းလာနေပေပြီ။

မူးယစ်ဆေးဝါးပပျောက်ရေးကို အပြောဖြင့် လုပ်၍မရ၊ မလိုတစ်မျိုး လိုတစ်မျိုး၊ နိုင်ငံရေးအမြတ်ထုတ်နေ၍မရ၊ လက်တွေ့လုပ်မှ တကယ်ဖြစ်မြောက်အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့လုပ်ဆောင်ကြိုးစားနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုကို တစ်နိုင်ငံတည်းတစ်ပင်တိုင် လုပ်ဆောင် ကြိုးပမ်းနေသည်မဟုတ်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ မူးယစ်ဆေးဝါးပပျောက်ရေး၊ ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်း တိုင်ပင်လက်တွဲဆောင်ရွက်နေခြင်းဖြစ်သည်။

နယ်ချဲ့တို့ ဘိန်းဇာတ်သွင်းခံခဲ့ရသည့် မြန်မာနိုင်ငံရှိ ဒေသများစွာသည် ယနေ့ နိုင်ငံတော်အစိုးရ၏ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲမှုဖြင့် ဘိန်းပပျောက်ရေး ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးပြီး ဘိန်းစိုက်ပျိုးမှု လုံးဝစွန့်လွှတ်စေမည့် ပန်းတိုင်သစ်စီမံကိန်းတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသအချို့သည် တာထွက်ကောင်းပြီး လုံးဝဘိန်းကင်းရှင်းဒေသအဖြစ် ကမ္ဘာသိကြေညာထားပြီးဖြစ်သည်။ ဥပမာ-ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မိုင်းလားဒေသ။

တခြားဒေသများကလည်း ၂၀၀၅ ခုနှစ်တွင် လုံးဝ ဘိန်းပပျောက်ရေး (ဘိန်းကင်းဇုန်)ကြေညာနိုင်ရန် အားကြိုးမာန်တက်ကြိုးပမ်းနေပေသည်။ ဥပမာ-ကချင်ပြည်နယ်မှ ဒေသများ၊ ရှမ်းပြည်နယ်မှ 'ဝ' ဒေသ။

မြန်မာနိုင်ငံတွင် ၁၉၈၉-၉၀ ခန့်မှစပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသဖြင့် နယ်စပ်ဒေသများ (တိုင်းရင်းသားဒေသများ) အထူးအေးချမ်းသာယာလာသည်၊ ဖွံ့ဖြိုးတိုးတက်လာသည်။ ထိုအခါ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ပို၍တွင်ကျယ်ထိရောက်စွာ လုပ်နိုင်လာသည်။ စိတ်သွားတိုင်း ကိုယ်ပါလာသည်။ အခြားနိုင်ငံများမှ ထုတ်လုပ်သော မူးယစ်ဆေးဝါးများကြောင့် မိမိတို့နိုင်ငံအတွင်း မူးယစ်ဆေးစွဲသူတွေ ဒီရေအလားတိုးတက်နေရပါပြီဟု အော်ဟစ်ကြွေးကြော်နေသော နိုင်ငံများ ဤအနေအထားကို အမြင်ရှင်းသင့်ပြီ ဖြစ်ပေသည်၊ ပို၍ အောင်မြင်အောင် ကူညီအားပေးသင့်သည်။

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်ပြီး နယ်စပ်ကျော်နင်းလာသူများကို ဖမ်းဆီးလွှဲပြောင်းပေးအပ်မှုသတင်းများကို မကြာခဏကြားနေရသည်။ ထိုင်းနိုင်ငံတွင်လည်း ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏အစိုးရက မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ပြင်းပြင်းထန်ထန်နှိပ်ကွပ် တားဆီးဆောင်ရွက်နေသည်။ အနောက်မီဒီယာအချို့တွင် ထိုကြိုးပမ်းအောင်မြင်မှုကိုပင် ဆီလို၊ ရေလို အပေါက်ရှာအပြစ်တင်လာကြသည်ကို သတိပြုမိသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မူးယစ်ဆေးဝါးပပျောက်ရေး တူညီသောရည်မှန်းချက်ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ထိုင်း မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခ

## မောင်ဖိုးမှတ်

ကျေးရွာစီမံကိန်းမှ ဆောက်လုပ်ပြီးစီးသော (၁၆)ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားတစ်ရပ် အဆိုပါကျေးရွာတွင် ၂၈-၁၂-၂၀၀၃ရက်က ကျင်းပခဲ့ခြင်းကို ကြည့်လျှင်ပင် မြန်မာနှင့်ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ယင်းယောင်ခကျေးရွာ ဆေးရုံသစ်ကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ပီချန်ယက်မူအန်းမနီးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထိုယောင်ခကျေးရွာစီမံကိန်းသည် ၂၀၀၁ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးခဲ့ရာမှ နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းကို ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ထိုင်းနိုင်ငံသုံး ဘတ်ငွေသန်း ၂၀ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။

၂၀၀၁-၂၀၀၂ခုနှစ်များတွင် နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသဘောတူညီချက်အရ တာချီလိတ်မြို့အနောက်ဘက် မိုင် ၃၀အကွာ ယောင်ခကျေးရွာအုပ်စုကို စီမံကိန်းနယ်မြေအဖြစ် ရွေးချယ်ခဲ့သည်။ ယောင်ခကျေးရွာအုပ်စုဝင် ကျေးရွာ၁၃ရွာ စီမံကိန်းတွင် အကျုံးဝင်သည်။ ထိုစီမံကိန်းသည် ယောင်ခကျေးရွာအုပ်စု တစ်ခုလုံးသာမက ပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားအားလုံးကိုပါ အကျိုးရှိစေမည်ဖြစ်သည်။

၂၀၀၃ခုနှစ် ဇန်နဝါရီလမှစတင်ခဲ့သော ဤစီမံကိန်းအရ ကျောင်းသား ၅၀၀ဆံ့ အခြေခံမူလတန်းကျောင်းတစ်ကျောင်း၊ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံတို့ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ မူလတန်းကျောင်းတွင် ဆရာ ဆရာမ ၁၀ဦး၊ ကျောင်းသူ ကျောင်းသား ၂၂၂ဦးတို့ ပညာသင်ကြားနေကြပြီဖြစ်သည်။

ယင်းစီမံကိန်းဒေသတွင် ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိသည်။ယခုအခါ ကုန်းမြင့်လယ်မြေဧက ၁၃၀၀နှင့် လယ်မြေဧက ၉၀၀ စုစုပေါင်းဧက ၂၂၀၀ခန့် စပါးစိုက်ပျိုးနေပြီဖြစ်သည်။ သီးထပ်သီးညှပ်စိုက်ပျိုးရန် ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်းပြီး အသေးစားတမံခြောက်ခုနှင့် ရေသွယ်မြောင်းကီလိုမီတာ ၂၀ ဆောက်လုပ်နိုင်ခဲ့သဖြင့် လယ်မြေဧက ၈၄၀ကျော် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဒေသဝမ်းစာအတွက် ဆန်ဖူလုံသည့်ပြင် ဆန်တန်ချိန် ၂၀၀၀ကျော် ပိုလျှံခဲ့သည်။ ပြောင်း၊ပဲ၊ဝါ၊မျှစ်ချိုမက္ကဒေးမီးယားပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးနေပြီဖြစ်သည်။ ဘိန်းအစားထိုးစိုက်ပျိုးမှုမှ ထွက်ရှိလာမည့်သီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဟု သိရသည်။

ယောင်ခကျေးရွာစီမံကိန်းတွင် ငါးကန်များတူးဖော်ပြီး ငါးခူ၊တီလားဗီးယား စသည့်ငါးများမွေးမြူထားသည်။ ဥစားကြက်၊အသားစားကြက်၊ဝက်များ မွေးမြူထားသည်။ကျေးရွာအိမ်ထောင်စုများအား ဖြန့်ဝေမွေးမြူသွားစေမည်ဟုသိရသည်။

ယောင်ခကျေးရွာစီမံကိန်းကို ထိုင်းနိုင်ငံဘက်မှတာဝန်ခံအဖြစ် ပူးပေါင်းဆောင်ရွက်နေသူမှာ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လွယ်တုံးစီမံကိန်းအမှုဆောင်အရာရှိချုပ် မင်းသားကြီး မစ္စတာဒစ္စနက်ဒါဒစ္စကူးလ်ဖြစ်ပြီး မြန်မာဘက်မှ စီမံကိန်းတာဝန်ခံမှာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစန်းပွင့်ဖြစ်သည်။ ယောင်ခကျေးရွာ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ပီချန်ယက်မူ အန်းမနီးတို့အား ဒေသထွက်သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဒေသခံပြည်သူများအတွက် သီးနှံမျိုးစေ့များကို ဦးပေါက်ယူချန်းထံသို့ ပေးအပ်လိုက်သည်။

ထိုင်းနိုင်ငံ လွယ်တုံးစီမံကိန်းအမှုဆောင်အရာရှိချုပ် မင်းသားကြီး ဒစ္စနက်ဒါဒစ္စကူးလ်သည် အဖွဲ့ဝင်၂၀ဖြင့် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၅ရက်မှ ၁၈ရက်အထိ တာချီလိတ်သို့ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ရောက်ရှိပြီး လွယ်ဆန်ဆုံ လက်ဖက်ခြံ၊ဝမ်ဟုန်၊မိုင်းယွန်း၊ယောင်ခဒေသများသို့ လာရောက်ကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာသွားခဲ့သည်။ ထိုလေ့လာရေးအဖွဲ့တွင် ထိုင်းရုပ်သတင်းစာ၊ ဗန်ကောက်စီးပွားရေးစာစောင်၊ ဗန်ကောက် Fresh News Post Today၊ မာတီချွန်သတင်းစာ၊ ထိုင်းရုပ်မြင်သံကြားလိုင်း-၅ တို့မှ သတင်းစာဆရာများ လိုက်ပါလေ့လာခဲ့ကြသည်။

ထိုအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာနိုင်ငံအတွင်း လေ့လာတွေ့ရှိချက်များအပေါ် အပြုသဘောဆောင်၊ အကောင်းမြင်သော သတင်းဆောင်းပါးများရေးသားကာ သက်ဆိုင်ရာ သတင်းစာများ၌ ဖော်ပြခဲ့ကြသည်။ အောက်တွင် ထိုရေးသားချက်အချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်-

**"ကမ္ဘာ့လူထု၊ အထူးသဖြင့် ထိုင်းလူထုအနေဖြင့် မိုင်းယွန်းဟူသော အမည်ကြားလိုက်လျှင် မူးယစ်ဆေးဝါးနှင့် ဒွန်တွဲ၍ မြင်ယောင်လေ့ရှိကြသည်။ မူးယစ်ဆေးဝါးကို ဘိန်းဖြူဖြစ်စေ၊ ယာဘ(စိတ်ကြွရူးသွပ်ဆေးပြား)ဖြစ်စေ မခွဲခြားဘဲ အကြီးအကျယ် ပြဿနာတစ်ရပ်အနေဖြင့် ထိုင်းအစိုးရ ရင်ဆိုင်ဖြေရှင်းနေရသော ကိစ္စတစ်ရပ်လည်းဖြစ်သည်။ မိုင်းယွန်းသို့ ဤဗန်ကောက်စီးပွားရေးစာစောင်မှ သတင်းထောက်နှင့်အဖွဲ့ ရောက်ရှိတွေ့ဆုံခဲ့သောအခါ ယခင်က လူအများလွှမ်းမိုးသိရှိခဲ့သည့် မူးယစ်ဆေးဝါးဗဟိုချက်မ စခန်းကြီးဟူသော အမြင်သဘောထားများ ပြောင်းလဲဖြစ်ပေါ်စေခဲ့သည်။ ထိုဒေသသည် မူးယစ်ဆေးဝါးနှင့် မပတ်သက်သော ဒေသဖြစ်ကြောင်း သိရှိခဲ့ရသည်"**

(၁၉-၁၁-၂၀၀၃ ရက်ထုတ် ဗန်ကောက်စီးပွားရေးစာစောင်)

**"မိုင်းယွန်းရှိ 'ဝ' တိုင်းရင်းသားတို့အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်မှု မရှိဟု မိမိယုံကြည်ကြောင်းဖြင့် ထိုင်းနိုင်ငံ လွယ်တုံးစီမံကိန်း အမှုဆောင်အရာရှိချုပ် မင်းသားကြီး ဒစ္စနက်ဒါဒစ္စကူးလ်က ရှင်းလင်းပြောကြားခဲ့သည်"**

(၁၉-၁၁-၂၀၀၃ ရက်ထုတ် ဗန်ကောက်ပို့စ်သတင်းစာ)

မြန်မာတို့အနေဖြင့် ဤဆောင်းပါးရှင်ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း မူးယစ်ဆေးဝါးပပျောက်ရေးကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးဖြင့် လက်တွေ့ ကျကျ ဆောင်ရွက်အောင်မြင်လျက်ရှိသည်။ ထိုကြိုးပမ်းအောင်မြင်မှုများတွင် ပါဝင်ကူညီ အားပေးသူမှန်သမျှကို ကျေးဇူးတင်ရမည်ဖြစ်သည်။ မည်သူတို့က မည်မျှပင်အဆိုးမြင်ဝါဒဖြင့် အပြစ်တင်၊ အပုပ်ချပြောကြပါစေ မြန်မာတို့ကမူ လိပ်ပြာသန့်သန့်ဖြင့် ဆက်လက်အားထုတ် ကြိုးပမ်းနေမည်သာ ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၀-၁-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့သံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အင်္ဂုလိမာလသုတ်"**
၉:၁၀ ၁၀။ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄
ပညာပေးဂုဏ်ပြုဇာတ်လမ်း
**"ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်သည့်အဘိုးအို"**
**သရုပ်ဆောင်**-ကျော်ရဲအောင်၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ ချောရတနာ၊ ဇင်ဇင်ဇော်မြင့်၊ ကုသိုလ်၊ ဝင်းနိုင်(အနုပညာ)
**ဒါရိုက်တာ**-ဇော်ဆက်

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာ့သံစဉ်ချိုနှာဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(မြန်မာမှုပညာ)
(ခ)ပထမနှစ် (စာရင်းအင်းပညာ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသံကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း-၃၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ English Premier League ဘောလုံးပွဲ Arsenal Vs Middle brough

## ❀ ရခိုင်ပြည်နယ်မှ

မိမိတို့သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ရှိ **"ကင်းပုံတံတား"** ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးမည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အတူ ပြန်ကြားရေးတာဝန်ဖြင့် ဤခရီးစဉ်တွင်လိုက်ပါခဲ့ခြင်းဖြစ်သည်။

### သံမဏိသံပေါင်

ယခုတံတားသစ်ကို ပင်လယ်ဒီရေအတက်အကျဒဏ်ကို တာရှည်ခံနိုင်ရည်ရှိရန် သံကူကွန်ကရစ်ငွေများနှင့် သံကူကွန်ကရစ်ပိုင်တိုင်အုတ်မြစ်များဖြင့် သံကူကွန်ကရစ်တိုင်များတည်ဆောက်ကာ အပေါ်ပိုင်းကို

**နေချင့်စဖွယ် အုန်းပင်တန်းများအလယ် ကမ်းသာယာကမ်းခြေ အပန်းဖြေစခန်းက ဘန်ဂလိုလေးများက အစီအရီ။**

**ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)**

သံမဏိသံပေါင်နှင့်သံကူကွန်ကရစ်တို့ဖြင့် ပေါင်းစပ်၍ ခိုင်ခံ့စွာတည်ဆောက်ခဲ့သည်။

အရှည်ပေ ၄၂၀ ရှိတံတားတွင် ယာဉ်သွားလမ်းကို ၂၄ ပေအကျယ် နှစ်လမ်းသွားလမ်းနှင့် သုံးပေစီကျယ်သော လူသွားလမ်းကို နှစ်ဖက်လုံး၌ ထည့်သွင်းတည်ဆောက်ထားသည်။ ယာဉ်တစ်စီးချင်းစီအား တန် ၆၀ အထိ တင်ဆောင်သွားလာနိုင်မည့်အပြင် တံတားအောက်ရေလမ်းကင်းလွတ်နယ်ကို အကျယ်ပေ ၉၀ နှင့်အမြင့် ရှစ်ပေထားရှိသည်။

### ဆက်သွယ်သွားရောက်နိုင်

"ကင်းပုံတံတား"တည်ဆောက်ထားသည့် ဂွ-သံတွဲကားလမ်းသည် သံတွဲမြို့မှ တောင်ကုတ်မြို့သို့လည်းကောင်း၊ တောင်ကုတ်မြို့မှ ကျောက်ဖြူမြို့သို့လည်းကောင်း၊ တောင်ကုတ်မြို့မှ မအီ-ပဒေးကော-အမ်းလမ်းအတိုင်း အမ်းမြို့သို့လည်းကောင်း၊ အမ်းမြို့မှ ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်ခွင်သို့ ဆက်လက်သွားရောက်နိုင်သည့်လမ်းဖြစ်သည်။ ထို့အပြင် ဂွမြို့မှရေဝတီတိုင်း ငါးသိုင်းချောင်းမြို့သို့ သွားရောက်နိုင်ပြီး ငါးသိုင်းချောင်းမြို့မှ ရန်ကုန်မြို့တော်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်သွယ်သွားရောက်နိုင်သည်။

ရခိုင်ပြည်နယ်သည် အရှေ့ဘက်၌ ရခိုင်ရိုးမတောင်တန်းကြီးက တသွယ်တတန်း အနောက်ဘက်၌ ဘင်္ဂလားပင်လယ်အော်ကြီးက တမျှော်တခေါ်၊ ဤသဘာဝအဆီးအတားများကြောင့် ခေတ်အဆက်ဆက်တွင် လမ်းပန်းမသာဘဲ ဖွံ့ဖြိုးမှု အားနည်းခဲ့ရသည်။

မိမိတို့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းအတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ အသုတ်၊ ရေကြည်နှင့် ငါးသိုင်းချောင်းမြို့များ၊ ငါးသိုင်းချောင်းမြို့မှ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းအတိုင်း ရခိုင်ပြည်နယ်အတွင်းရှိ ဂွမြို့တို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်ကျော်ခဲ့ကြသည်။ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ၁၈၃မိုင်ကွာဝေးသော ဂွမြို့နယ်ကင်းပုံ ကျေးရွာအနီးရှိ "ကမ်းသာယာအပန်းဖြေစခန်း" သို့ ညနေပိုင်းတွင် ရောက်ရှိခဲ့ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်

နောက်တစ်နေ့ဖြစ်သော ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၃၀ရက် နံနက်ပိုင်းတွင် ကင်းပုံတံတား ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က "ကင်းပုံတံတားသစ်ကြီး"ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကင်းပုံတံတားသည် အရှည်ပေ ၄၂၀မျှသာရှိသော တံတားလတ်တစ်စင်းဖြစ်သော်လည်း ငါးသိုင်းချောင်း-ဂွ-သံတွဲကားလမ်းပေါ်တွင် အဓိကကျသော တံတားတစ်စင်းဖြစ်သည်။ ကင်းပုံချောင်းအတွင်း ဘင်္ဂလားပင်လယ်အော်မှပင်လယ်ရေအစဉ်အမြဲ ဝင်ရောက်သဖြင့် ယခင်သစ်သားတံတားမှာ မကြာခဏပျက်စီးယိုယွင်းကာ နှစ်စဉ်ပြုပြင်မွမ်းမံမှုကုန်ကျစရိတ်များစွာကျခံသုံးစွဲခဲ့ရသည်။ ထို့အပြင် ရခိုင်ပြည်နယ်တောင်ဘက်စွန်းမှ မြောက်ဘက်သို့ ဆက်သွယ်သွားလာမှု မကြာခဏပြတ်တောက်ခဲ့ရသည်။

### ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် အမြော်အမြင်ကြီးမားသော နိုင်ငံတော်အကြီးအကဲ၏ တစ်နိုင်ငံလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကြောင့် ရခိုင်ပြည်နယ်တွင်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့နေပြီဖြစ်သည်။ ရခိုင်ပြည်နယ်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အမ်း-တောင်ကြားလမ်း၊ တောင်ကုတ်-တောင်ကြားလမ်းနှင့် ဂွ-ငါးသိုင်းချောင်းလမ်းတို့မှ ဆက်သွယ်သွားရောက်နိုင်ပြီဖြစ်သည်။ ထို့အပြင် အရှည်မိုင် ၆၂၈မိုင်ရှိ ရန်ကုန်-စစ်တွေပြည်ထောင်စုလမ်းမကြီး၊ အရှည် ၃၂၃မိုင်ရှိ သံတွဲ-တောင်ကုတ်-ရန်ကုန်လမ်း၊ အရှည် ၂၃၅ မိုင်ရှိ သံတွဲ-ဂွ-ငါးသိုင်းချောင်း- ရန်ကုန်လမ်းတို့ကို ဖောက်လုပ်ပြီးစီး နေပြီဖြစ်ပြီး အရှည် ၅၄၈မိုင်ရှိ ရန်ကုန်-ကျောက်ဖြူလမ်း၊ တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းတို့ကို ဖောက်လုပ်ဆဲဖြစ်သည်။

ဖောက်လုပ်ပြီးလမ်းများတွင် ကတ္တရာခင်းပြီးစီးမှုမှာ ဂွ-သံတွဲလမ်း ၈၃ မိုင်၊ အမ်း-ပဒေးကော-မအီလမ်း ၄၄မိုင်၊ တောင်ကုတ်-ကျောက်ဖြူလမ်း ၄၂မိုင်၊ တောင်ကုတ်-မအီလမ်းမိုင် ၄၀ နှင့် ရန်ကုန်-စစ်တွေပြည်ထောင်စုလမ်းမကြီး၌ ၂၀၂မိုင်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်လမ်းများဖောက်လုပ်ရုံမှမက လမ်းများတွင် မြစ်၊ ချောင်းနှင့် ချောက်ကမ်းပါးများကို ဖြတ်ကျော်သည့်တံတားများကိုလည်း တည်ဆောက်ရသေးသည်။ ရခိုင်ပြည်နယ်အတွင်း၌ ပေ ၁၈၀အထက်တံတား ၂၆စင်း၊ ပေ ၁၀၀မှ ၁၈၀ထိတံတား ၁၇စင်း၊ ပေ ၁၀၀အောက်တံတား ငယ်ပေါင်း ၁၂၄၄စင်း၊ ပြွန်တံတား ၁၇၁၂ စင်းစုစုပေါင်းတံတားပေါင်း ၂၉၉၉စင်းတည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း ပေ ၁၈၀ အထက်တံတားများဖြစ်သည့်မင်းကြောင်းတံတား၊ လုံးတော်ကောက်တံတား၊ သဲသမာကြီးတံတား၊ ဒီးဒုတ်ပေါက်တံတားနှင့် နာရီကန်ချောင်း တံတားတို့ကို တည်ဆောက်လျက်ရှိသည်။

### အကျိုးအမြတ်

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်ကြီး၏ ကမ်းခြေတစ်လျှောက်တွင် တည်ရှိသဖြင့် ရေလုပ်ငန်းကို စီးပွားဖြစ်ဆောင်ရွက်နိုင်သော အခွင့်အလမ်းရှိသည်။ လမ်းပန်းဆက်သွယ်မှုအခက်အခဲကြောင့် ရေလုပ်ငန်းမှအကျိုးဖြစ်ထွန်းမှုရသင့်သလောက်မရခဲ့ချေ။ မကြာတော့သည့် အချိန်အခါတွင် ရေလုပ်ငန်းမှအကျိုးအမြတ်ကြီးမားစွာရရှိလာတော့မည်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေရရှိနေသည့် ရေချိုရေငန် ပုစွန်မွေးမြူရေးလုပ်ငန်းမှာ ယခုအခါ သိသိသာသာတိုးတက်လာသည်ကို တွေ့ရသည်။ ရေချိုရေငန် ပုစွန်မွေး မြူရေးလုပ်ငန်းမှာ ၁၉၈၈ မတိုင်မီက ပုစွန်မွေးကန် ဧက ၆၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ ဧက ၁၅၅၅၃၀အထိ တိုးတက်နေသည်ကို တွေ့ရသည်။

### အပန်းဖြေစခန်း

ထို့အတူ ရခိုင်ကမ်းခြေတစ်လျှောက်အပန်းဖြေစခန်းဖွင့်၍ ပြည်တွင်းနှင့်နိုင်ငံခြားဝင်ငွေ ရှာဖွေရရှိနိုင်သောနေရာကောင်းများစွာရှိသည်။ ငပလီကမ်းခြေသည် နိုင်ငံခြားသားများနှစ်ခြိုက်စွဲလမ်းသည့် အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ ထို့နည်းတူ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ များစွာပေါ်ထွက်လာနိုင်သေးသည်။ မိမိတို့ရောက်ရှိခဲ့သော ဂွမြို့နယ်ကင်းပုံတံတားအနီးရှိ ကမ်းသာယာအပန်းဖြေစခန်းသည် ယခင်က လမ်းပန်းအခက်အခဲကြောင့်အကျိုးစီးပွားဖြစ်ထွန်းမှု သိသိသာသာမရခဲ့သော်လည်း ယခုအခါ ကင်းပုံတံတားပြီးစီး၍ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာကာ ပြည်တွင်းပြည်ပမှအပန်းဖြေအနားယူသူများ ဝင်လာမစဲ တသဲသဲဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေတော့သည်။ ။

**(မြန်မာ့အလင်း)**

**နံနက်စောစော ဖြူလွလွနှင်းမှုန်ကြားက သာမောဖွယ်ရာ ကမ်းသာယာကမ်းခြေအလှ၏ တစ်စိတ်တစ်ဒေသ။**

**ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)**

## ကရာတေးဒိုအားကစားနည်းပြ သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ကရာတေးဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် မြန်မာကရာတေးဒိုအားကစားသမားများ အောင်နိုင်မှုများရရှိရေးအတွက် ရည်ရွယ်၍ ကရာတေးဒိုနည်းပြသင်တန်း (၁/၂၀၀၄)ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်ရန် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က စီစဉ်ထားသည်။

သင်တန်းသို့ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့်ဆက်သွယ်ထားရှိသောကလပ်အသင်းများ၊ ဝန်ကြီးဌာန ကရာတေးဒိုအသင်းများမှလည်း တက်ရောက်နိုင်ပြီး သင်တန်းကြေးပေးသွင်းရန်မလိုကြောင်းနှင့် သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဇန်နဝါရီ ၃ ရက်က အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာတောင်ညွန့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကလေးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)**

## စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်းစည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၉**

စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်း(အထက-၁၊ လမ်းမတော်) နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး ကန်တော်မင်ပန်းခြံအတွင်းရှိ ရှမ်းကန်စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လက်မှတ်များကို အသင်းအမှုဆောင်များနှင့် အသင်းတိုက် Johnian Cafe ဖုန်း-၂၁၁၆၇၁ သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

## စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီ၏ ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အခမ်းအနားနှင့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၊ ဆုရသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး စာပေဟောပြောပွဲတွင် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများဖြစ်ကြသော မောင်ဆုရှင်နှင့်ချစ်နိုင်(စိတ်ပညာ)တို့က ဟောပြောကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဂမ္ဘီရမဂ္ဂဇင်း ပေဖော်ဝါရီလထုတ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၉**

ဂမ္ဘီရမဂ္ဂဇင်းတွင် ရဟန္တာများ၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ဂါထာမန္တန်များ၊ မြန်မာ့ဗေဒင်ပညာကို လျှပ်တစ်ပြက်အသုံးချနည်း၊ ကံကောင်းလာအောင် လုပ်ယူနည်းများအပါအဝင် ထူးခြားဆန်းကျယ်သော ဂမ္ဘီရရသဝတ္ထုတိုကောင်းများစွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းကို အမှတ်၁၉၁(ခ)/၁၊ ၃၃လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၈၀၂က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)(က-ပ)**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဇန်နဝါရီ ၈ရက်က အလုံမြို့နယ် မူလတန်းကြိုကျောင်း အမှတ်(၄) ကို ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၊ အလုံမူလတန်းကြိုကျောင်းအမှတ်(၄)နှင့် မေရီချက်ပ်မင်းကျောင်း ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၁၆၅)ရှိ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သို့ ရောက်ရှိလာရာ ကျောင်းအစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးအား မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်က ကျောင်းနောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ မျက်မမြင်ကျောင်းသားကျောင်းသူများအား မျက်မမြင်စာပေ အခြေခံပညာသင်ကြားပေးမှု အခြေအနေ၊ အသက်မွေးပညာရပ်များသင်ကြားပေးမှုအခြေအနေများအား အစီရင်ခံတင်ပြရာ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းအတွင်းရှိ စာသင်ခန်းများ၊ Audioခန်းများ၊ မျက်မမြင်စာပေသင်ကြားမှုအခန်းများ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုအခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းမများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ဗဟိုလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ် (၄)သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေက ကျောင်းတွင် မူလတန်းကြိုပညာရေး သင်ကြားပေးမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းအတွင်းရှိ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုခန်းမ၊ ပန်းချီအနုပညာခန်း၊ စာသင်ခန်း၊ ကလေးကစားခန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်ပ်မင်းနားမကြားသော ကလေးများကျောင်းသို့ သွားရောက်၍ နားမကြားသော ကလေးငယ်များ စာပေသင်ကြားမှု၊ သင်္ကေတပြဘာသာစကားသင်ကြားမှု၊ စာပေသင်ကြားမှုအခန်းများ၊ စက်ချုပ်ပညာသင်ခန်းများအား ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များအား ဖြည့်ဆည်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

# အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်၊ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၉

**ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ကျင်းပသည့် တတိယအကြိမ် ဆရာဆရာမများ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲနှင့် အဋ္ဌမတန်းနှင့် နဝမတန်းအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်နံနက် ၈နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းသူရိယလှသောင်းခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

## ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ ဒေါ်နန်းယဉ်ယဉ်မွန်၊ ဒုတိယဆုရ ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒေါ်နီနီသန်း၊ တတိယဆုရ တောင်ကြီးမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ ဒေါ်မြမြသိန်းတို့အားလည်းကောင်း၊ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲ နဝမတန်းအဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မမေချမ်းဦး၊ ဒုတိယဆုရ အမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်မျိုးအောင်၊ တတိယဆုရ မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထွန်းကျော်ထွေးနှင့် အဋ္ဌမတန်း အဆင့်တွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးသီဟ၊ ဒုတိယဆုရ ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်လဖိုင်ဇော်ခွန်၊ တတိယဆုရ ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စစ်နောင်တို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ပြီး ပြိုင်ပွဲတွင် အကဲဖြတ်ပေးခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပညာရေးတက္ကသိုလ်(ရန်ကုန်)အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဒေါ်မေကျော်မြင့်နှင့် တပ်မတော်ဆေးတက္ကသိုလ်မှ အင်္ဂလိပ်စာဌာနမှူး ဦးထွန်းအောင်ကျော်တို့က ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်ဖြေဆိုမှုများနှင့်စပ်လျဉ်း၍သုံးသပ်ဆွေးနွေး အကြံပြုပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲတွင် ဆရာ ဆရာမ ၂၁ဦး၊ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲတွင် အဋ္ဌမတန်းနှင့် နဝမတန်းအဆင့် ကျောင်းသားကျောင်းသူ ၄၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပခဲ့သည်။

လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲ၌ အင်္ဂလိပ်ဘာသာကျပန်းစကားပြော ပြိုင်ပွဲကို ဆရာ ဆရာမများပြိုင်ပွဲအပြင် ကျောင်းသား ကျောင်းသူများပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါရမီမဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၉**

ကြည်ညိုခြင်းပါရမီ၊ ကိုယ်တွေ့ပါရမီ၊ ကျင့်စဉ်ပါရမီ၊ ဝိပဿနာပါရမီ၊ အမေးအဖြေပါရမီ၊ ဆေးနည်းပါရမီ၊ ဆေးမြီးတိုပါရမီ၊ တရားလမ်းညွှန်ပါရမီ၊ ဗဟုသုတပါရမီ၊ ဖြစ်ရပ်ဆန်းပါရမီတို့ပါရှိသော ပါရမီမဂ္ဂဇင်းကို နက္ခတ္တာရောင်ခြည်မဂ္ဂဇင်းတိုက် အမှတ် (၂၃၃) ၂၉လမ်း ဖုန်း-၂၄၂၂၈၄ က ဖြန့်ချိလိုက်သည်။

**(အောက်ပုံ) (က-ပ)**



**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)၏ပညာဘဏ်တိုက်စာကြည့်တိုက်သို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဒီဇင်ဘာ၃၁ရက်က ကျင်းပပြုလုပ်ရာ အလှူရှင် ၁၀ ဦးတို့က ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်ဦးက လက်ခံရယူစဉ်။** (ခရိုင်ပြန်/ဆက်)

# ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၃ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့မုခ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်မိသားစုများ၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူအသင်းဝင်များနှင့် အသင်းဝင်များ၏ သားသမီးများ၊ ရေတာရှည်မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ဖုန်း-၅၄၆၀၁၁၊ ဒု-ဥက္ကဋ္ဌ ဦးအုန်းကျော် ဖုန်း-၅၇၈၃၁၆၊ အတွင်းရေးမှူး ဦးတင့် ဖုန်း-၅၇၈၇၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

**၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလက်ကျင့်ခုပ်က ၂၀၀၃ ခု မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မခိုင်ယဉ်ဝင်းအား ဆုချီးမြှင့်စဉ်။** (က-ပ)

# စီးပွားရေးစီမံခန့်ခွဲမှုပညာသင်တန်းမျိုးစုံဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းများပိုမိုစနစ်ကျထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီမှ (1) Basic Business Management Training, (2) Financial Management Training, (3)Human Resource Management Trainingနှစ်လသင်တန်းများကို ဇန်နဝါရီလဒုတိယအပတ်မှစတင်ပြီး ရုံးချိန် ကျောင်းချိန် ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

MBA/DMA အချိန်ပြည့်သင်တန်းများတက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်ချပေးရသော စီမံခန့်ခွဲသူများ၊ ကုမ္ပဏီလုပ်ငန်းခွင်သို့ကူးပြောင်းလိုသူ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများ၊ စီမံခန့်ခွဲသူ ရာထူးအဆင့်ဖြင့် အလုပ်စတင်ဝင်ရောက်လိုသည့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင် ပြီးသူများ တက် ရောက် နိုင် ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR အခန်းအမှတ် ၉၀၅ ကိုးလွှာ အဆင့်မြင့်သံဈေး ကွန်ဒိုလမ်းမတော်လမ်း ဖုန်း-၇၀၇၈၂၂သို့ စာရင်းပေးသွင်းနိုင်သည်။

**(က-ပ)**

**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာလမ်း အိမ်အမှတ် ၂၃၄ နေ ဒေါ်နန်းကြိုင်က ကွယ်လွန်သူခင်ပွန်း ဦးစိုးသိန်းအား ရည်စူးလျက် အလှူငွေကျပ်တစ်သိန်းကို သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် သုဒဿနလမ်း ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(အကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင်)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ဇန်နဝါရီ ၃ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းတွင် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ၊ စွမ်းရည်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက ပထမတန်းမှ သချာထူးချွန်ဆုရ မနှင်းသဇင်မွန်အား ဆုချီးမြှင့်စဉ်။** (က-ပ)

**"စက်ရုံ ထုတ် ပစ္စည်းများ ဆူဇူကီး အရည်အသွေးပြည့်မီရန် အရည်အသွေးစစ်ဆေးရေးဌာနက စစ်ဆေးပြီးမှ ဈေးကွက်သို့ ဖြန့်ဖြူးပေးပါတယ်။"**

ဦးတင်လှိုင် (အကြီးတန်းမန်နေဂျာ)

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

❒ ***နိုင်ငံတကာမှ***

တည်ထောင်ထားသော မြန်မာဆူဇူကီးမော်တော်ကုမ္ပဏီလီမိတက်၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို တင်ပြလိုပါသည်။

မြန်မာဆူဇူကီးမော်တော်ကုမ္ပဏီသည် မြေကွက်အမှတ်(၂၃)မြေတိုင်းအကွက်အမှတ် ၄၇၆(စီ)တောင်ဒဂုံ စက်မှုဇုန်(၁) ရန်ကုန်မြို့တွင် ၁၉၉၈ ခုနှစ် ဒီဇင်ဘာမှ စတင်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ အဓိကထုတ်လုပ်သောလုပ်ငန်းမှာ မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းဖြစ်သည်။ ထုတ်လုပ်သော မော်တော်ဆိုင်ကယ်အမျိုးအစားမှာ Suzuki Viva 110 ဖြစ်သည်။ လုပ်ငန်းစတင်သည်မှ ယနေ့အထိ မော်တော်ဆိုင်ကယ် စီးရေ ၃၄၀၀ ကျော် ထုတ်လုပ်ပြီးဖြစ်ကြောင်းသိရသည်။

**ထုတ်လုပ်ရန်လျာထား**

လုပ်ငန်းစတင်စဉ်က မော်တော်ဆိုင်ကယ်သာ ထုတ်လုပ်ရန် ရည်ရွယ်ခဲ့သော်လည်း ဖက်စပ်ကုမ္ပဏီ ထူထောင်ပြီးသည်နှင့် မော်တော်ဆိုင်ကယ်ရော မော်တော်ယာဉ်ပါထုတ်ဖြစ်သည်။ ထုတ်လုပ်သောမော်တော်ယာဉ်မှာ Suzuki Wagon R+ နှင့် Carry Truck ဖြစ်သည်။ ယနေ့အထိ ထုတ်လုပ်ပြီးဖြစ်သော မော်တော်ယာဉ် စီးရေမှာ တစ်မျိုး ၁၁၀၀ ကျော်ဖြင့် နှစ်မျိုးပေါင်း ၂၂၀၀ ကျော် ထုတ်လုပ်ပြီး ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဆိုင်ကယ်ကို မော်ဒယ်လ်အသစ်ဖြင့် စီးရေ ၁၂၀၀၀နှင့် ကားနှစ်မျိုးပေါင်း ၂၀၀၀ခန့် ထုတ်လုပ်ရန် လျာထားကြောင်းသိရသည်။

စီးနင်းသူကို သက်သောင့်သက်သာရှိစေသော Aero Dynamic ရှေ့မီးခွက်နှင့် ဒူးကာတပ်ဆင်ထားသည်။ အင်ဂျင်မှာ 4 Stroke 110 CC အင်ဂျင်ဖြစ်ပြီး တိုက်ရိုက်လေအေးခံစနစ်ဖြင့် တည်ဆောက်ထားသည်။ အလိုအလျောက်ပါဝါကလပ်စနစ်ကို တပ်ဆင်ထားသဖြင့် ဂီယာထိုးရ လွယ်ကူပြီး အင်ဂျင်စွမ်းအား ပိုမြင့်မားကာ ဆိုင်ကယ်သက်တမ်းကို ပိုမိုရှည်ကြာစေသည်။ ပါဝါအိပ်ဇောတပ်ဆင်ထားသဖြင့် စက်သံဆူညံမှုကို နည်းစေသည်။

ဆိုင်ကယ်နှင့်ပတ်သက်ပြီး စက်ပိုင်းဆိုင်ရာ ပြဿနာများနှင့် အရည်အသွေးပိုင်းဆိုင်ရာပြဿနာများ ဖြစ်ခဲ့လျှင် မူလ စက်ရုံအမှားကြောင့် တစ်စုံတစ်ခုချို့ယွင်းမည်၊ သို့မဟုတ် ညံ့ဖျင်း မည်ဆိုပါက စက်ရုံက တစ်နှစ်အတွင်း သို့မဟုတ် ကီလိုမီတာ ၁၀၀၀၀ အတွင်း အာမခံဖြင့် ပစ္စည်းအသစ်လဲလှယ်ပေးသည်အထိ တာဝန်ယူကြောင်း သိရသည်။

**ဝယ်ယူသူအဆင်ပြေရန်**

စက်ရုံထုတ်ပစ္စည်းများကို တရားဝင်ကိုယ်စားလှယ်များဖြစ်သော SPA Motorcycle Ltd. FMI စင်တာ (၁၀ ထပ်) ဗိုလ်ချုပ်လမ်းနှင့် တီသုံးလုံးမော်တော် ပဲခူးမြို့တို့က တာဝန်ယူပြီး တစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချပေးသည်။ တရားဝင်ကိုယ်စားလှယ်များက ရောင်းအားတက်ရန် Service ပေးခြင်း၊ ဝယ်ယူသူများအဆင်ပြေစေရန် အရစ်ကျစနစ်၊ တစ်ဝက်ချေစနစ်ဖြင့် ရောင်းချခြင်းများ ပြုလုပ်ပေးကြောင်းလည်း သိရသည်။

ဆူဇူကီးကုမ္ပဏီထုတ်ဆိုင်ကယ်နှင့် ကားများမှာ အရည်အသွေးမီပြီး အာမခံစနစ်ဖြင့် အရစ်ကျငွေချေဝယ်ယူနိုင်ရေး အခွင့်အရေးပေးထားပါလျက် အဘယ့်ကြောင့် ရောင်းအားကျပြီး ကုန်ထုတ်လုပ်မှုနည်းရခြင်းကို သိရှိလိုသဖြင့် မြန်မာဆူဇူကီးမော်တော်ယာဉ်ကုမ္ပဏီအကြီးတန်းမန်နေဂျာ ဦးတင်လှိုင်အား တွေ့ဆုံမေးမြန်းကြည့်မိသည်။

အကြီးတန်းမန်နေဂျာ ဦးတင်လှိုင်က ပြောကြားရာတွင်–

"အရောင်းကျရခြင်း အဓိကအကြောင်းရင်းကတော့ တရားမဝင်မော်တော်ဆိုင်ကယ်များရှိနေလို့ပါပဲ။ တရားမဝင် ဆိုင်ကယ်ဖြစ်လို့ ထိုက်သင့်တဲ့ အခွန်အခမပေးရဘူး။ ပြီးတော့ စက်ပစ္စည်းအနေနဲ့လဲ အပြည့်အစုံဆိုင်ရာ အဆင့်အတန်းမရှိဘူး။ အရည်အသွေးညံ့တယ်။ စီးဖြစ်ရုံဆင်ထားတဲ့ ဆိုင်ကယ်တွေမို့ ဈေးပေါတယ်။

**Suzuki Wagon R+**

**ဈေးကွက်သို့ တင်ပို့ရောင်းချရန် အသင့်ဖြစ်နေသော Suzuki Wagon Rt ကားများ။**

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

ဆိုင်ကယ်နှင့် ကားထုတ်လုပ်ခါစက SKD (Semi Knock Down)စနစ်ဖြင့် ထုတ်လုပ်ပြီး ၂၀၀၀ပြည့်နှစ်နောက်ပိုင်း CKD (Complete Knock Down) စနစ်ဖြင့် တိုးတက်ပြောင်းလဲ ထုတ်လုပ်လာနိုင်သည်။ ဆိုင်ကယ်ထုတ်လုပ်မှုလုပ်ငန်းအတွက် ဂျပန်ပညာရှင်များက နည်းပညာနှင့် ပတ်သက်ပြီး သင်တန်းပေးခြင်း၊ အရည်အသွေး စစ်ဆေးပေးခြင်းတို့ကို အခါအားလျော်စွာ ပြုလုပ်ပေးပြီး စက်ရုံတွင် ဂျပန်ကျွမ်းကျင်ပညာရှင် တစ်ယောက်နှင့် အုပ်ချုပ်မှုဒါရိုက်တာတစ်ယောက် အမြဲတမ်းထားပေးသည်။

ဆိုင်ကယ်၊ ကားနှင့်ပတ်သက်သော နည်းပညာဆိုင်ရာ လိုအပ်ချက်ကို ဂျပန်ကုမ္ပဏီက ၂၄နာရီ Fax, e-mail များဖြင့် ဖြည့်ဆည်းပေးသည်။ မြန်မာဝန်ထမ်းများပါ ကျွမ်းကျင်မှုရှိစေရေးအတွက် အရည်အချင်းမီသူ ငါးဦးကို ဂျပန်ခေါ်ပြီး သင်တန်းပေးထားသဖြင့် ထုတ်လုပ်ရေးအပိုင်းကို အချိန်မရွေးမြှင့်တင်ပေးနိုင်ကြောင်းသိရသည်။

**ဈေးကွက်သို့ဖြန့်ဖြူး**

ထုတ်လုပ်ပြီးဆိုင်ကယ်များကို ဂျပန်ဆူဇူကီး အရည်အသွေး(Suzuki Standard)မီရန် ဆေးရောင်၊ အရည်အသွေး၊ ဘရိတ်၊ အင်ဂျင်ကအစ အရည်အသွေးစစ်ဆေးရေးဌာနက Test Run, Engine Run လုပ်ပြီးမှ ဈေးကွက်သို့ ဖြန့်ဖြူးပေးကြောင်း သိရသည်။

Suzuki Viva 110 မော်တော်ဆိုင်ကယ်တွင် မသိတဲ့ လူတွေကတော့ ဈေးပေါလို့ သာမန်အားဖြင့် ကြိုက်ချင်စရာပါပဲ။ ဒါပေမယ့် ဒီဆိုင်ကယ်တွေမှာ ဘာအာမခံချက်မှမရှိလို့ ဝယ်မိရင် မိမိတို့ ချွေးနဲ့စာနဲ့ စုဆောင်းထားရသမျှလေး အလဟဿဖြုန်းတီး သလိုဖြစ်သွားတယ်။ အင်ဂျင်ပါဝါကျတာနဲ့ ဘာမှသုံးလို့မရတော့ဘူး။ ပြီးတော့ ဒီဆိုင်ကယ်တွေများလာတာနဲ့ အမျှ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးနဲ့ ဥပဒေမဲ့ လုပ်ရပ်တွေကို ကျူးလွန်ဖောက်ဖျက်ဖို့ အားပေးရာ ရောက်ပါတယ်။ မိမိတို့နိုင်ငံကို စက်မှုနိုင်ငံတော်အဖြစ် အမှန်တကယ်ရောက်စေချင်ရင် နိုင်ငံအတွင်း တရားဝင် စက်မှုထုတ်လုပ်မှုကို အားပေးပြီး တရားမဝင်ဆိုင်ကယ်များကို တိတိကျကျအရေးယူတားဆီးရမှာ ဖြစ်ပါတယ်" ဟု၍ မြန်မာ့အလင်းသို့ ရှင်းပြလိုက်ပါသည်။ ။

**(မြန်မာ့အလင်း)**

**Suzuki Carry Truck**

**ဈေးကွက်သို့ တင်ပို့ရောင်းချရန် အသင့်ဖြစ်နေသော Suzuki Carry Truck ကားများ။**

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

## ကျန်းမာရေးပညာပေးပြခန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အရ ဒေသဆိုင်ရာ စေတနာ့ဝန်ထမ်း ကျန်းမာရေးအဖွဲ့အစည်းများနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ကျန်းမာရေးဖွံ့ဖြိုး တိုးတက်မှုများ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်တိုးမြှင့်နိုင်ရေးအတွက် လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာအုပ်စု ကျန်းမာရေးကော်မတီနှင့်ကျန်းမာရေးစီမံကိန်းဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့်( ၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျန်းမာရေး ပညာပေးပြခန်းနှင့် အားကစားပြိုင်ပွဲများဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက်၉နာရီက ပုတ်သင်ညိုကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးရှေ့၌ကျင်းပရာ ကျေးရွာအုပ်စု ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ရွှေနှင့် သားဖွားဆရာမ ဒေါ်သန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

## စုံညီပွဲတော်တွင်ပါဝင် ဆောင်ရွက်ခဲ့ကြသော ပညာရေးသုတေသနဝန်ထမ်းများအားဂုဏ်ပြု

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲ၊ စံပြမူကြိုပဒေသာကပွဲနှင့် စုံညီပွဲတော်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ စံပြမူကြို မြက်ခင်းပြင်၌ကျင်းပသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဟန်က အမှာစကားပြောကြားပြီး အမျိုးသား ဘောလုံးပြိုင်ပွဲဆုရအသင်းများအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ တာဝန်ရှိသူများက အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

**ဂုဏ်ပြုလက်ဆောင်**

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဥက္ကဋ္ဌက စံပြမူကြိုပဒေသာကပွဲနှင့် စုံညီပွဲတော်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(မြန်မာ့အလင်း)**

**ဇန်နဝါရီ ၃ ရက်က အထက(၂) ဗိုလ်တထောင်၏ မိဘဆရာကျောင်းသားစုံညီတွေ့ဆုံပွဲအခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းမြို့နယ်ဆင့်ဘက်စုံပထမဆုရရှိသူ မခိုင်ဇင်ဝါအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းသွယ်က ဆုချီးမြှင့်စဉ်။ (က–ပ)**

## သံယုတ်ပါဠိတော်မြန်မာပြန်သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက နှစ်စဉ်ပို့ချမြဲဖြစ်သော သံယုတ်ပါဠိတော် မြန်မာပြန်သင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှစ၍ (စနေ၊ တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ နည်းပြဆရာများဖြစ်ကြသော ဦးစိန်ဗိုလ်(BH.RL ) သ–အ–ဓမ္မာစရိယ၊ ဦးသိန်းအောင်(M.A, Dip. in Samskrit.)သ–အ–ဓမ္မာစရိယ တို့က ရွှေတိဂုံဘုရား တောင်ဘက်မုခ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသာအဖွဲ့ချုပ်ဓမ္မာရုံ၌ အခမဲ့ပို့ချ ပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## ပုံတူတူးလေးစာအုပ် ဇန်နဝါရီလထုတ်ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၉**

မြတ်သူစံ(ဝါးခယ်မ) ရေးသားစီစဉ်တင်ဆက်သည့် ကလေးတို့အတွက် ပုံတူတူးလေးစာအုပ်ကို ပုံတူတူးလေးစာအုပ်တိုက် အာရပလာဇာ ပထမထပ် အခန်း(၄၃/၄၄) ၃၈ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း– ၂၅၄၄၂၄၊ ၂၅၄၄၂၅ လိုင်းခွဲ(၂၀၃) မှ ဖြန့်ချိပြီး အင်တာနက်ဝက်ဘ်ဆိုက်၊ WWW. foreverspace. com. mm တွင်လည်း ဖတ်ရှုနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) (က–ပ)**

## ရန်ကုန်ပညာရေးတက္ကသိုလ် န၀မအကြိမ် မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကို အထူးဆပ်လိုကြသည့် ချစ်တပည့်အပေါင်းက စုပေါင်း၍ န၀မအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် မြတ်ဆရာတို့နှင့် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ စုံညီစွာတွေ့ဆုံကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာ ကြိုတင်ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**နေ့ရက်** – **၂၄–၁–၂၀၀၄**
**အချိန်** – **နံနက် ၈ နာရီ**
**နေရာ** – **တက္ကသိုလ်များဓမ္မာရုံ**

မြတ်ဆရာပူဇော်ပွဲအတွက် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁)ဒေါ်ထူးထူးအောင် ပါမောက္ခ ရန်ကုန်ပညာရေး တက္ကသိုလ် ဖုန်း–၅၂၆၃၇၃၊ (၂) ဒေါ်စုစုလှိုင် ညွှန်ကြားရေးမှူး(စီမံကိန်း) ( DEPT ) ဖုန်း–၅၅၇၅၁၉၊ (၃)ဦးဝင်းကို ညွှန်ကြားရေးမှူး (စီမံ–၂) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း–၅၀၃၁၄၉၊(၄) ဦးအေးကြိုင် လ/ထ ညွှန်ကြားရေးမှူးဦးစီး(၁) ဖုန်း–၅၄၈၈၂၁၊ (၅) ဦးလှဝင်းအောင် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂)ဖုန်း–၀၂–၃၉၂၂၈၊(၆) ဦးစောဝင်း လ/ထ ညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း–၀၂–၃၉၂၂၈၊(၇) ဦးတင်လှိုင် ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၂၁၂၉၆၉၊(၈) ဦးသက်နိုင် ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၂၁၂၉၆၉(လိုင်းခွဲ–၃၁၁)၊(၉) ဦးကြည်သန်း ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၂၁၂၉၆၉၊(၁၀) ဒေါ်ကြူကြူရွှေ မြို့နယ်ပညာရေးမှူး၊ လှိုင်၊ ဖုန်း–၆၈၃၂၉၆၊(၁၁) ဦးအုန်းမြင့် ကျောင်းအုပ်ကြီး အထက(၁)လသာ၊ ဖုန်း–၂၄၀၀၉၇၊ (၁၂) ဦးရှိန်လိန်းအောင် ကျောင်းအုပ်ကြီး အထက(၁) မရမ်းကုန်း၊ ဖုန်း–၆၆၀၅၃၄၊ (၁၃) ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂) တာမွေ ဖုန်း–၅၄၂၃၁၇။

မှတ်ချက်။ ။ ယမန်နှစ် မြတ်ဆရာပူဇော်ပွဲ စာရင်းတွင် ကျန်ရစ်ခဲ့သော သက်ပြည့်အငြိမ်းစား ဆရာကြီးများ ရှိပါက ဆက်သွယ်မှုပြုပေးကြပါရန် ပန်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။**

## မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

စာရေးဆရာကြီး မင်းသုရိန် (အမျိုးသားစာပေဆုရ) (ဗုဒ္ဓဂုဏ်တော်နှင့်ကိုယ်တွေ့ဖြစ်ရပ်များ)–
ဒေါ်သိန်းရွှေ(ဆရာမ၊ငြိမ်း)တို့၏ သားတပည့်
မော်လမြိုင်မြို့၊ တောင်ဗိုလ်ချုပ်လမ်း၊ အမှတ် ၇၂၄ နေ ဦးအေးလှိုင်
(တပ်မတော်–ရေ၊ငြိမ်း)–ဒေါ်လှဝင်းကြည် (အိရွှေစင်ရတနာရွှေဆိုင်)တို့၏သား၊
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၀၀၈ နေ
**မောင်မျိုးဝင်းလှိုင်** First Year (Physics)
(ထီးရွှေနန်း ရေကြောင်းကုန်စည်ပို့ဆောင်ရေး) နှင့်
ကျုံပျော်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၉၀ နေ
ဦးအီကင်း(ခ)လင်ချွေတစ်–ဒေါ်မြင့်မြင့်ဇင်(ဇင်မေတ္တာစတိုး)
တို့၏သမီး
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ် ၆၅နေ
**မသက်သက်ဇင်** B.Sc (Botany)

တို့၏ ၁–၁–၂၀၀၄ ရက်နေ့တွင် နေမိန္ဒြအေးရိပ်သာဓမ္မတရားကျောင်း(နေမိန္ဒြဓမ္မအေးရိပ်စခန်း) ၌ အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာဆရာတော်ဘုရားအား မင်္ဂလာဦးဆွမ်းကပ်လှူဒါန်းပွဲသို့ ကြွရောက်အားပေးကူညီကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နေမိန္ဒြမိသားစု အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဝင်းလှိုင်–မသက်သက်ဇင်။**

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇန်နဝါရီ ၉**

မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၁၉ ရက်က ဦးတင့်ဆန်း (M.D,A.C.E Construction) သည် ကစားဖော်များ ဖြစ်ကြသော ဦးစသန်းဦး (Director A.C.E Construction )၊ ဦးဘိုဘိုသွင် (Director A.C.E Construction)၊ ဦးစိန် ဝင်း (တိုင်း/ကျန်းမာ)တို့နှင့်အတူ ဂေါက်သီးရိုက် ကစားစဉ် ကိုက် ၁၅၀ ကွာဝေးသော ကျင်းအမှတ်–၂၌ Rey Grande No-2 ဘောလုံးအား Mizuno Asprom No-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(က–ပ)**

## အထူးဝမ်းမြောက်ဂုဏ်ပြုခြင်း

ဦးလှထွန်း C.P.A, D.H.L (Principal), (ဦးလှထွန်းနှင့်အဖွဲ့၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များနှင့် ဘဏ္ဍာရေးအတိုင်ပင်ခံများ)နှင့် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းတည်ထောင်သူ/ဥက္ကဋ္ဌကြီး၊ လူမှုထူးချွန်ပထမဆင့်အား (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၄ ဖြင့် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်)ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်း။

**တပည့်ဝန်ထမ်းများ**
**ဦးလှထွန်းနှင့်အဖွဲ့။**

## အငယ်တန်းသတင်းထောက်များ အလိုရှိသည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (လစာ နှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀)နေရာလေးနေရာ လစ်လပ်လျက်ရှိပါသည်။

အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။
၂။ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)
၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(အမျိုးသားများသာလျှောက်ထားသင့်ပါသည်။)
၄။ အင်္ဂလိပ်စာအခြေခံရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူ ဖြစ်ရမည်။
၅။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။
၆။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူတင်ပြရမည်။
၇။ သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။
၈။ လျှောက်လွှာများကို ၃၀–၁–၂၀၀၄(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၊ အမှတ် (၂၁၂)သိမ်ဖြူလမ်း သတင်းဌာန မန်နေဂျာထံ ပေးပို့ကြရမည်။

**အရည်အချင်းစစ်ဆေးရေးအဖွဲ့**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း။**

## အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက သတ္တုတွင်းကို အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက သတ္တုတွင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး ငါးမိနစ်အကြာတွင် နေလင်းထွန်းက သွင်းယူသည်။ ပြည်ထဲရေးအသင်း ခြေသာပြီး သေချာပေါက်ဂိုးသွင်းခွင့်များရသော်လည်း အသင်းခေါင်းဆောင် နေသူလှိုင် ဂိုးသွင်းမသေချာ၍ တစ်ဂိုးဖြင့် ကျေနပ်ခဲ့ရသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပြည်ထဲရေးအသင်းမှနေလင်းထွန်းကရရှိသည်။

**မလိခနိုင်**

ဇန်နဝါရီ ၈ ရက်က ယှဉ်ပြိုင်ကစားသော မလိခအသင်းနှင့် သစ်တောရေးရာအသင်းပွဲစဉ်တွင် မလိခအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မလိခအသင်းမှ ဇော်ဇော်က ရရှိသည်။

**ယနေ့ပွဲ**

ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

## သယံဇာတ... 

## သင်္ဃန်းကျွန်း အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

အထက(၁)သင်္ဃန်းကျွန်းတွင် ၁၉၅၄ခုနှစ်မှ ၁၉၇၅/၇၆ပညာသင်နှစ် အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၈ရက်တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပါဝင်လှူဒါန်းအကြံပြုလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်းအဆိုပါကျောင်း၌ ပြုလုပ်လျက်ရှိသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်နိုင်ကြသည်။ ဆက်သွယ်စုံစမ်းလိုပါက ဦးသိန်းလွင်(မျက်မမြင်များမိတ်သဟာယ)ဖုန်း–၆၆၁၆၈၉၊ ၆၆၂၀၃၄၊ ဦးသာညွန့်(YMCA) ဖုန်း– ၂၉၆၄၃၅၊ ၀၉–၈၀–၃၃၄၄၆၊ ဦးမြင့်ထူး ဖုန်း–၆၆၅၂၈၆၊ ဦးအေးကြည် ဖုန်း– ၂၄၁၉၁၉၊ ဦးစံတင့်/ဦးခင်မောင်မြင့် ဖုန်း–၅၆၅၆၀၁၊ ဦးမောင်ဆိုင် ဖုန်း – ၂၅၃၂၃၀၊ ၂၅၀၂၅၁၊ ဒေါ်မွေးမွေး ဖုန်း–၅၇၇၀၃၁ နှင့် ဒေါ်ချိုချို/ဦးစိုးထွန်း ဖုန်း–၅၆၅၈၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဆရာကြီး ဒေါက်တာကျော်သိန်း
ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်
နိုင်ငံတော်က ချီးမြှင့်သည့် နည်းပညာထူးချွန်တံဆိပ်
(ဒုတိယဆင့်) ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**ဝန်ကြီးဌာနများမှ ဘွဲ့လွန်ကွန်ပျူတာ**
**ဒီပလိုမာဘွဲ့သင်တန်းသား/သူများ။**

## ပြန်လည်ပေးပို့က ကျေးဇူးဆပ်ပါမည်

ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (၂၆) ရပ်ကွက်၊ မြေကွက်အမှတ် ၆၄၄ ကို ဒေါ်အေးအေးမြင့် အမည်ပေါက်ဖြင့် ငွေသွင်းထားသော ချလန် ပျောက်ဆုံးသွားပါ၍ ပြန်လည်ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။ **ဖုန်း–၅၈၄၇၈၇။**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ



**ဇန်နဝါရီ၃ရက်က လှိုင်သာယာမြို့နယ် အထက (၁)၏ ပညာရေးစုံညီပွဲတော် ကျင်းပရာ မိဘ၊ ဆရာများ၊ကျောင်းသားကျောင်းသူများ စုံညီစွာ တက်ရောက်ကြပြီး အခမ်းအနားကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် အကျိုးတော်ဆောင် ဒေါ်နီနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က–ပ)

# ကန့်ဘလူ အထက နှစ်(၅၀)ပြည့် ရွှေရတုအကြို ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

ကန့်ဘလူမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ် (၅၀) ပြည့် ရွှေရတုအကြို ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက အထက်တန်း ကျောင်းခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ကန့်ဘလူမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝေ တို့က နှစ်(၅၀)ပြည့် ရွှေရတုသဝဏ်လွှာများ ဖတ်ကြားကြသည်။

**သြဝါဒများနာယူ**

ထို့နောက် ကန့်ဘလူ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အသက် ၆၀ နှင့် အထက် ဆရာဆရာမကြီးများ၊ ၅၃ နှစ်နှင့် အထက်ဆရာဆရာမကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသောဆရာဆရာမများအား တပည့်များက ပူဇော်ကန်တော့ကြပြီး ဆရာဆရာမကြီးများ၏ သြဝါဒများကို နာယူကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ကန့်ဘလူ (အထက)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အသက် ၆၀ပြည့် ဆရာ ဆရာမများ အားလုံး မပျက်မကွက် ဆက်သွယ်ကြရန်နှင့် အဝေးရောက် ကျောင်းသူကျောင်းသားဟောင်းများ ပါဝင်လှူဒါန်းလိုပါက ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝေ ကန့်ဘလူ ဖုန်း–၀၇၅–၂၇၀၁၀ နှင့် ဦးစိုးမြင့်ဥက္ကဋ္ဌ MFF ကုမ္ပဏီလီမိတက် မန္တလေးဖုန်း–၀၂–၃၁၀၇၄၊ ရန်ကုန် ဖုန်း–၀၁–၂၉၄၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# အင်္ဂလိပ်စကားပြောနှင့် အရေးသင်တန်း ဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

တက္ကသိုလ်ဝင်တန်းနှင့်တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများ အင်္ဂလိပ်စာကိုလေ့လာသူများအတွက် အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်စွာ ရေးသားနိုင်ရန် ရည်ရွယ်၍ YES Language Center မှ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E) သင်တန်းများကို ဇန်နဝါရီ ၁၂၊ ၁၇၊ ၁၉နှင့် ၂၄ရက်များတွင် လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ Grammar Foundation Course (G.F.C) နှင့် Vocabulary Enrichment Course (V.E.C) သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ဆရာဦးမြင့်အောင်ကိုယ်တိုင် သင်ကြားသော Intermediate English (IE), Academic Writing Course (AWC), SAI(I), SAI(II), TOEFL နှင့် IELTS သင်တန်းများကို ဇန်နဝါရီ ၁၂၊၂၄၊၂၆ ရက်များနှင့် ၃၁ရက်များတွင် ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် YES Language Centre အမှတ် (၁၁၉) Y.W.C.A အဆောက်အအုံ (ပထမ)ထပ် ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၈၂၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**ဇန်နဝါရီ ၇ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အမက(၁၀)ဗဟန်း၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က–ပ)

# နှစ်သစ်ကူးဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

System Computer Sales Centreမှ စင်ကာပူနိုင်ငံမှ တင်သွင်းသော အဆင့်မြင့် အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး ကွန်ပျူတာများနှင့် ကွန်ပျူတာသုံး အပိုပစ္စည်းများကို နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော် အဖြစ် ဇန်နဝါရီ ၃၁ရက်အထိ ရောင်းချပေးလျက်ရှိရာ ကွန်ပျူတာ တစ်စုံဝယ်ယူသူတိုင်းအား လက်ဆောင်ပစ္စည်းများပေးမည်ဖြစ်ပြီး အမှတ် ၂၃ ဗိုလ်ကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၉၆၀၄၈ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**အင်းစိန်မြို့နယ် အမက(၁၂)တွင် ပညာရေးရည်မှန်းချက်ကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရန်နောင်နှင့် ကျောက်စာတိုင် အလှူရှင် ဦးတင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (၀၃၆)

# ၂၀၀၄ နှစ်သစ်အကြို ပင်နာဆိုးနစ်ဈေးရောင်းပွဲတော်

**ရန်ကုန် ဇန်နဝါရီ ၉**

ဟန်မြန်မာ အီလက်ထရွန်နစ်၏ Welcome 2004 Sales Promotion ၂၀၀၄ နှစ်သစ်အကြို Panasonic ဈေးရောင်းပွဲတော်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါ အထူးဈေးရောင်းပွဲကြီးတွင် Panasonic အမှတ်တံဆိပ် ၂၀၀၃–၂၀၀၄ မိုဒယ်သစ် နောက်ဆုံးပေါ် D-Snap SD Multi Camera, Digital Video Camera, Digital Still Camera, Movie Camera, HDD & DVD Recorder,DVD°Player, Video Cassette Recorder, DVD Home Theater Sound System, Portable DVD Player, DVD Mini System, VCD Mini System, Plasma Disdplay, Projection Type TV, LCD TV, Flat TV နှင့် ရောင်စုံ Colour TV များကို အမြို့မြို့ အနယ်နယ်ရှိ ဟန်မြန်မာ၏ အရောင်း ကိုယ်စားလှယ်ဆိုင်ကြီးများမှ တစ်ဆင့် ၂၀၀၄ ခုနှစ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်အပြင် အရောင်းမြှင့်တင်ရေးကာလအတွင်း ဝယ်ယူသည့်ပစ္စည်း အမျိုးအစားအလိုက် DVD Player စက်များ အပါအဝင် အဖိုးတန် မေတ္တာလက်ဆောင်များ ထပ်ဆင့်ချီးမြှင့်နေပြီဖြစ်သည်။ စိတ်ပါဝင်စားသူများသည် အမှတ် ၂၈၅ ဗိုလ်အောင်ကျော်လမ်း (အလယ်)ရှိ ဟန်မြန်မာ Panasonic အရောင်းပြခန်း ဖုန်း–၂၄၆၅၁၃၊ ၂၅၆၆၂၀၊ ၂၈၉၄၈၂၊ အီးမေးလ် hanmyanmar@mptmail.net.mmသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

**ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပ–ထပ်(ယာ)၊ ၃၈ လမ်း (ထက်)၊ ရန်ကုန်မြို့၊ ဖုန်း–၇၂၂၀၅၃ က ထုတ်ဝေဖြန့်ချိသော ဆရာတက်တိုး ရေးသားသည့် မောင်တို့မယ်တို့ တိုးတက်စေဖို့ စာအုပ်မျက်နှာဖုံး။** (က–ပ)




## e- Education Learning Centre
## သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
## နေ့လယ်၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ

**၁၂–၁–၂၀၀၄ (တနင်္လာနေ့)**
- ❑ Error Analysis (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Psycholinguistics (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

**၁၃–၁–၂၀၀၄ (အင်္ဂါနေ့)**
- ❑ Business English (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Error Analysis (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

**၁၄–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**
- ❑ Psycholinguistics (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြား ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ**
- ❑ Business English (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

**၁၅–၁–၂၀၀၄ (ကြာသပတေးနေ့)**
- ❑ Presentation Skills (1)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Functioning in English (1)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

**၁၆–၁–၂၀၀၄ (သောကြာနေ့)**
- ❑ Presentation Skills (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Functioning in English (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

**၁၇–၁–၂၀၀၄ (စနေနေ့)**
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

**၁၈–၁–၂၀၀၄ (တနင်္ဂနွေနေ့)**
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

**ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၈)တွင် ပညာရေးစုံညီပွဲတော်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ် ဆက်တိုက်ထူးချွန်ဆုရပြီး မြို့နယ်ဘက်စုံ ပထမဆုရ မဖြိုးတင်ဇာခိုင်အား တာဝန်ခံကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က–ပ)

## စစ်ပြီးခေတ်ရန်ကုန်ဟိုက်စကူး ကျောင်းသားဟောင်းများ အာစရိယပူဇော်ကြမည်

**ကျင်းပမည့်နေ့** – ၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၉နာရီ
**ကျင်းပမည့်နေရာ** – အထက (၁) လသာ
**အာသီသ** – သူငယ်ချင်းများ စုံစုံညီညီ တက်ရောက်စေချင်ပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သတင်းကြေညာချက်

**ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက် (၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ပုဂ္ဂလိကဝင်ငွေ၊အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့်ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာ များကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့်၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့နယ် စမ်းမကြီးကျေးရွာနေ ကျွန်တော်ဦးအောင်ထွန်း(ခ)ဦးညီလေး၊ ကျွန်မ ဒေါ်သန်းစိန်တို့၏သား မောင်အောင်ကိုဝင်းသည် မိဘများ၏ သဘောဆန္ဒနှင့်ဆန့်ကျင်ပြီး ၎င်း၏သဘောဆန္ဒအရ ပြုလုပ်သွားပါ၍ ၂၇-၁၀-၂၀၀၃ ရက်မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ၎င်းနှင့် ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါကြောင်း။

နောက်နောင်၎င်းအမွေပြတ်ကိစ္စနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ပတ်သက် စွက်ဖက်ခွင့်မရှိပါကြောင်း။

**ဦးအောင်ထွန်း** ၈/မကန(နိုင်)၀၇၂၄၅၅
**ဒေါ်သန်းစိန်** ၈/မကန(နိုင်)၀၇၂၃၈၃

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်း နှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်မာဂျော်ရီချန်း ၁၂/ကတတ (နိုင်) ၀၀၅၇၉၇ | ဦးတင်မောင် ၁၃/တကန(နိုင်)၁၃၃၆၂၇ ဒေါက်တာဌေးဌေးမော် ၁၃/တကန(နိုင်)၀၆၈၀၈၀ | တိုက်-၃ အခန်း-၁၂ ရွှေဂုန်ရိပ်မွန် အိမ်ရာ |

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**

## မွေးနေ့ဆုတောင်း
## ကိုရဲတင့်ထွန်း (M.Ag)
### ခေတ္တ (Tokyo)

သားကြီးကိုရဲတင့်ထွန်း (လက်ထောက်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ ဇန်နဝါရီ ၁၀ရက်တွင်ရောက်ရှိသော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တိုင်းပြည်တာဝန်များကို ဆက်လက်ထမ်းဆောင်၍ လိုရာပန်းတိုင်ကို အောင်မြင်မှုများစွာဖြင့် တက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ဖေဖေ** – ဦးလှိုင်ကြည်(ဦးစီးအရာရှိ ဆ/မ၊ ငြိမ်း)
**မေမေ** – ဒေါ်မြင့်မြင့် (မြို့နယ်ကုန်သွယ်ရေး၊ စလင်း၊ ငြိမ်း)
**ညီမ** – ဗိုလ်မှူးဇော်လွင်ဌေး-ဒေါ်မြတ်မြတ်သက်
**ညီမငယ်** – မနှင်းယုလှိုင် (မြို့နယ်စာရင်းရုံး)
**တူလေးများ** – မောင်ရဲမြတ်အောင်၊ မောင်ဝင့်မာန်အောင်

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် Sein Gay Har Super Center အတွက်

| | | |
|---|---|---|
| (1) Human Resource Manager | (Senior) | (1) Post |
| | (Junior) | (2) Post |
| (2) Operation Manager | (Senior) | (1) Post |
| | (Junior) | (1) Post |

အလုပ်လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းနှင့် အခြားတင်ပြလိုသော ထောက်ခံချက်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ တစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံတို့ကို ပူးတွဲပြီး ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း အမှတ်(၄၄) ပြည်လမ်းမကြီး၊ ဒဂုံမြို့နယ် (ယခင်စိန်ဂျွန်းဈေးဟောင်းအနီးသို့) လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ အသက် ၃၀နှင့် ၄၅ နှစ်အတွင်း ဖြစ်ရမည်။

**(ပြည်တွင်း၊ ပြည်ပ လုပ်ငန်းအတွေ့အကြုံရှိသူများ စဉ်းစားပေးပါမည်)**

## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၀၃ ခုနှစ် တရားမဓာရီမှု အမှတ် ၇၃**

**ဒေါ်ခင်စန်း** နှင့် **၁။ ဦးသန်းမြတ်စိုး ၂။ ဒေါ်နုခင်**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၁၄၈/၀၂အမှုတွင် အနိုင်ဒီဂရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချ လိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်း ပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကြေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခု ဇန်နဝါရီ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ (၄) တိုးချဲ့ မြေကွက်အမှတ် ၁၈၇ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း ပေ၅၀ x ပေ၃၀ နှင့် ယင်းမြေပေါ်ရှိ (၄)တိုးချဲ့ရပ်ကွက် ဆဒ္ဒါန်လမ်း အိမ်အမှတ် ၁၈၇ ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း၊လျှပ်စစ် မီတာအပါအဝင် တစ်ထပ်နေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အားလုံး။ (ကြမ်းခင်းဈေး ကျပ် သိန်း ၃၀)

**ဒေါ်ခင်နှင်းဦး (တ/၁၆၀၆)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အရှေ့ပိုင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးရွှေဝင်း၏ဇနီး၊ သားသမီးများ ဖြစ်သော ဒေါ်နိုင်နိုင်အေး၊ မောင်လှမိုးနိုင်၊ မထက်ထက်စင်ဖွေး တို့သည် ၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကရင်ပြည်နယ်။**

## အုန်းမှုတ်ခွက်မီးသွေး ဝယ်လိုသည်

ဆက်သွယ်ရန်
ဖုန်း-၀၉-၉၉-၂၇၃၅၃

## ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ဗ/၃၅၇၃ (ကမ-၃)ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းစိုး

**အမှုဆောင်အရာရှိ (မြို့နယ်စည်ပင်သာယာရေးရုံး၊ ချောင်းဆုံမြို့)**

ဦးသိန်းစိုး အမှုဆောင်အရာရှိ (မြို့နယ်စည်ပင်သာယာရေးရုံး၊ ချောင်းဆုံမြို့) သည် ၆-၁-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချောင်းဆုံမြို့နယ်စည်ပင်သာယာရေး ရုံးသူရုံးသားများ**

**ဘုရား၊ရဟန်း၊ကျောင်း၊စက်ရေတွင်း၊ ရေကန်၊လမ်း၊တံတားဒါယိကာမကြီး**
## ဒေါ်လှမေ (နေဝန်းနီနေကြာ) (ပြင်ဦးလွင်)
### အသက်(၈၅)နှစ်

ပြင်ဦးလွင်မြို့၊ (၁)ရပ်ကွက်၊ ၁ လမ်းနေ ကုန်သည်ကြီး ဦးလှတင်၏ဇနီး၊ မုံရွာမြို့နေ ဦးသန်းစိန် (လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း) (ဥက္ကဋ္ဌ၊ ကံရာမင်းကားသင်း)၊ ဒေါ်ခင်အုန်းမြင့်(ဓာတ်မှန်ကျွမ်းကျင်၊ ငြိမ်း) (ရမ္မာဝတီအမျိုးသမီးဘော်ဒါဆောင် ၁ နှင့် ၂)၊ ရွှေဘိုမြို့နေ ဒေါက်တာခင်မောင်ထွန်း-ဒေါက်တာအမာ၊ ပြင်ဦးလွင်မြို့နေ ဦးထွန်းဦး (မြို့နယ်ဗီဒီယိုအခြေခံဥက္ကဋ္ဌ)-ဒေါ်ခင်နု့အေး(အလယ်တန်းပြ၊ ငြိမ်း)၊ ဦးဝင်းမြင့် (ကားလေးသင်း)-ဒေါ်သီတာစိန် (သီတာဝင်းရွှေဆိုင်)တို့၏မိခင်၊ မြစ်ကြီးနားမြို့နေ ဗိုလ်မှူးသိန်းဟန်-ဒေါ်မိုမို့ သွယ်၊မုံရွာမြို့နေ ဦးကျော်စိုးမိုး(ဝိသကြုံ ဆောက်လုပ်ရေး) - ဒေါ်ဖြူဖြူဝင်း (ကြီးကြပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေး) မခိုင်ဇာလွင် (B.N.Sc)၊ မောင်သုတအောင်(B.C.Sc 1st Year)၊ မောင်ပြည်ကျော်ကို( D.S.A 2nd Year)၊ မောင်ပြည်မော်ကို(D.S.A 2nd Year)၊ မအေးငြိမ်းသဇင်၊ မမေမျိုးသူ၊ မဆုရွှေရည်သာတို့၏အဘွား၊ မသဥ္ဇာသိန်းဟန်၊ မနန္ဒာသိန်းဟန်၊ မောင်သာထက်စံတို့၏အဘွားသည် ပြင်ဦးလွင်မြို့တွင် ၅-၁၂-၂၀၀၃ရက်၌ ကွယ်လွန်သွားပါသဖြင့် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်စိန်မေ(ခ)အန်တီမီလီ (ပျဉ်းမနား)
### အသက်(၉၅)နှစ်

မွန်ပြည်နယ်၊ ကမာဝက်ရွာနေ (ဦးရွှေဘ - ဒေါ်ငွေပွင့်)တို့၏ သမီး၊ (ဒေါ်မြမေ)၏အစ်မ၊ (ဦးစောလှအောင်) ခရိုင်ရဲဝန်(ငြိမ်း)၏ဇနီး၊ ဒုအရာခံဗိုလ်မျိုးအောင်(လေ-ငြိမ်း)-(ဒေါ်အေးအေးလွင်)တို့၏မိခင်၊ တပ်ကြပ်ကြီး ဖရန်ကိုအောင်-နော်အယ်ဖို၊ တပ်ကြပ်ကြီး အိုက်အောင် (ငြိမ်း)၊ ဒေါ်ရှာမာအောင် (သစ်တော)၊ ဗိုလ်ကြီးစောမာကိုအောင် (ငြိမ်း)-ဒေါ်ချယ်ရီ၊ တပ်ကြပ်မိုးစက်-ဒေါ်မူမူစီ(သစ်တော)၊ ဦးသိန်းထွန်း (သစ်တော) - ဒေါ်နုနုထားအောင်၊ ဦးအောင်ဇင်ဦး(စည်ပင်)-ဒေါ်ဘေဘီအောင် (စီးပွား/ကူးသန်း)တို့၏အဘွား၊ မြစ် ၁၃ ယောက်တို့၏ အဘွားသည် ၂၄-၁၂-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆-၁၂-၂၀၀၃ရက်တွင် ပျဉ်းမနားမြို့ မြို့မခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

## ဦးဝီလျံမောင်မောင်(ခ) ဦးဝင်းမောင်

**ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) (စလစ)သတ္တုတွင်းဝန်ကြီးဌာန**
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် ၂၀/၂၄၊ အခန်း ၃၀၄၊ ကွမ်းခြံ ၂လမ်းနေ ဦးမောင်မောင်-ဒေါ်ဝင်းကြည်တို့၏သားကြီး၊ ဦးအောင်မင်း-ဒေါ်သန်းသန်းမြင့်၊ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်စန်း၊ ဒေါ်စောမာ၊ ဦးမင်းမင်း၊ ဦးအောင်အောင်တို့၏အစ်ကိုကြီး၊ မောင်အောင်မြတ်မင်း၊ မောင်ဟန်သူမင်း(IX F၊ အထက-၂၊ ကမာရွတ်)၊ မနန္ဒာအောင်မင်းတို့၏ဘဘကြီးသည် ၄-၁-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅:၃၀ နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

JOB VACANCY
(For Local Service Only)

1. Sales & Marketing Staff (M/F) (4-Post)
-Minimum matriculation passed, diploma and graduate
-Minimum 2 years experience in sale
-Computer literate
-Can travel to any regions in the whole Myanmar.
-Driving License
-Proficiency in English

An attractive salary and other benefits will be offered to the right candidates. Please send your resume detailing your career history, recent photo, copies of professional qualifications and labour registration card to the below address within one week after this advertisement.

FAMAT CO., LTD
No.91/105, Bldg (1), Second Floor (Right), Min Ye Kyaw Swar ST, Lanmadaw TS, Yangon, Myanmar.
Tel: 212286, Fax: 212286



ခုခံအားကျဆင်းရောဂါ

[illegible]


## ရောင်းရန်ကြော်ငြာစာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆**
**ရန်ကုန်တိုင်းတရားရုံး**
**၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၁၄**

ဂရင်းမြန်မာငွေစုငွေချေးနှင့် သမဝါယမအသင်းလီမိတက် (ကိုယ်စား) ဦးတင်အောင်(မန်နေဂျာ) **(တရားနိုင်)**

၁။ ဦးမောင်မောင်စိန်
၂။ ဒေါ်သိန်းဟန် **(တရားရှုံးများ)**

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်၈၃တွင် တရားစရိတ်များ အပါအဝင် ငွေကျပ် ၃၅၂၇၇၅၀/- (ကျပ်သုံးဆယ့်ငါးသိန်းနှစ်သောင်းခုနစ်ထောင့် ခုနစ်ရာ့ငါးဆယ်တိတိ)ကို တရားရှုံးများက တရားနိုင်သို့ပေးဆပ်ရန် ချမှတ်ခဲ့သည့် ဒီကရီအတည်ဇာရီပြုရာ အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၆၅ခုနှစ် တပို့တွဲလဆုတ် ၅ရက်)မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ပစ္စည်းတည်ရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

**လေလံစည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်အချက်အလက်များကိုရောင်းချသူအရာရှိထံ လေလံရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**သန်းလွင်**
**တွဲဖက်တိုင်းတရားသူကြီး(၁၀)**
**ရန်ကုန်တိုင်းတရားရုံး**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်အနောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-အေ)၊ မြေကွက်အမှတ် ၈၈၊ လူနေရပ်ကွက်အမှတ် (၃၂)အလျား ၄၅ပေ Xအနံ ၃၁ပေ၊ မြေဧရိယာ အကျယ် ၁၃၉၅ စ/ပ (၁.၀၃၂)ဧကရှိ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်ရပ်ကွက်၊ စကားဝါပင်လမ်းဟုခေါ်တွင်သော ဦးမောင်မောင်စိန်ပိုင် ပျဉ်ထောင်၊သွပ်မိုး၊ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး။

**အလားလေးရပ်မှာ**

အရှေ့လားသော် - မြေကွက်အမှတ် (၈၉)
အနောက်လားသော် - ဘောလမ်းကြား
တောင်လားသော် - နောက်ဖေးလမ်း
မြောက်လားသော် - စကားဝါပင်လမ်း

ကြမ်းခင်းဈေး ကျပ်(၁၂၅)သိန်း

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်သန်းထွန်း**
**အသက် (၆၇)နှစ်**

မြန်မာ့သစ်လုပ်ငန်း၊သစ်ထုတ်ရေးဌာနမှ ဦးအေးမောင်သူ လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၏ဇနီးဖြစ်သူ ဒေါ်တင်သန်းထွန်းသည် ၆-၁-၂၀၀၄ ရက်တွင် မန္တလေးမြို့၌ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့သစ်လုပ်ငန်း၊သစ်ထုတ်ရေးဌာနမိသားစု။**

## ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀) စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ

သမိုင်းအစဉ်အလာကြီးမားသည့် အမျိုးသားကျောင်းတော်ကြီး၏ စတုတ္ထအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ကျောင်းသားဟောင်း ညီအစ်ကိုမောင်နှမများ ပေါင်းစည်းညီညွတ်စွာ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၅ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရပ်ဝေးဆရာကြီး၊ဆရာမကြီးများ အပူဇော်ခံနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်စုံစမ်းရန်နှင့် အလှူငွေထည့်ဝင်ရန်**

**ဖြူး** - ဦးအင်းရောက် ၀၅၄-၄၀၀၉၅/၄၀၅၇၈၊ဦးစိုးလှိုင် ၀၅၄-၄၀၂၈၇
ဦးသက်စိန်(ထပ်တစ်ရာလန်း) ၀၅၄-၄၀၀၄၈။
**ရန်ကုန်** - ဗိုလ်ကြီးအောင်သန်း(ငြိမ်း) ၀၁-၅၀၀၂၅၀၊ဦးမြဦး ၀၁-၆၆၀၁၃၁။
**မန္တလေး** - ဦးစန်းလွင်(ဝမ်းဝမ်း) ၀၂-၃၂၃၇၈၊၀၂-၃၉၆၄၄။
**မိတ္ထီလာ** - ဦးဝင်းစိန် ၀၆၄-၂၁၂၈၅။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ် ပါရဂူဘွဲ့အင်ဂျင်နီယာ/ဗိသုကာ သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် ၂၀၀၄ ပညာသင်နှစ်အတွက် အောက်ပါ ပါရဂူဘွဲ့ အင်ဂျင်နီယာ/ဗိသုကာ သင်တန်းများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်တွင် စတင် ဖွင့်လှစ်မည်ဖြစ်ရာ ၁၆-၁-၂၀၀၄ ရက်နေ့ နောက်ဆုံး ထား၍ လိုအပ်သော အထောက်အထားမူရင်း၊ မိတ္တူများ ပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

| ဖွင့်လှစ်မည့် သင်တန်းများ | အနိမ့်ဆုံးသတ်မှတ်အရည်အချင်း |
|---|---|
| ၁။ Ph.D. (Civil) | - M.E (Civil) |
| ၂။ Ph.D. (Mechanical) | - M.E (Mechanical) |
| ၃။ Ph.D. (Electrical Power) | - M.E (Electrical Power) |
| ၄။ Ph.D. (Electronic) | - M.E (Electronic) |
| ၅။ Ph.D. (Chemical) | - M.E (Chemical) |
| ၆။ Ph.D. (Textile) | - M.E (Textile) |
| ၇။ Ph.D. (Mining) | - M.E (Mining) |
| ၈။ Ph.D. (Petroleum) | - M.E (Petroleum) |
| ၉။ Ph.D. (Metallurgy) | - M.E (Metallurgy) |
| ၁၀။ Ph.D. (Aeronautical) | - M.E (Aeronautical) |
| ၁၁။ Ph.D. (Architecture) | - M.Arch |

၂။ အထက်ပါ ပါရဂူဘွဲ့ သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းစတင်မည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
၃။ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
၄။ လျှောက်ထားသူများသည် အင်္ဂလိပ်စာရေးဖြေအရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုအောင် မြင်ပြီးလူတွေ့ စစ်ဆေးခြင်းခံယူရပါမည်။
၅။ အင်္ဂလိပ်စာဘာသာရပ် ရေးဖြေစာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၂-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀နာရီအချိန်၌ ဖြေဆိုရပါမည်။
၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄ C -၁)၊ လူနေရပ်ကွက် (S-၆၈)၊ မြေကွက်အမှတ် ၂၄၊ မြို့သစ်(၁)လမ်း၊ အမှတ် ၂၉မြေပေါ်တွင်တည်ရှိသော နှစ်ခန်းတွဲ ခုနစ်လွှာရှိ မြေညီထပ်(ခေါင်းရင်းခန်း)သည် ကျွန်ုပ်၏ မိတ်ဆွေ ဗိုလ်မှူးတင်ညွှန့် (ငြိမ်း)၊ မှတ်ပုံတင်အမှတ် ၁၃/ကတန(နိုင်) ၀၅၄၇၂၈၊ ရပ်ကွက်ကြီး (၆)၊ ပြင်ဦးလွင်မြို့တွင် နေထိုင်သူမှ အမည်ပေါက်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။
(၁) အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေဗိုလ်မှူးတင်ညွှန့် (ငြိမ်း)မှ မည်သည့်သားသမီးနှင့် အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ငှားရမ်းထားခြင်း၊ပေးကမ်းထားခြင်း၊လဲလှယ်ထားခြင်း၊ အထွေထွေ ကိုယ်စားလှယ်ပေးအပ်ထားခြင်းမရှိပါ။
(၂) ကျွန်ုပ်၏မိတ်ဆွေ ဗိုလ်မှူးတင်ညွှန့်(ငြိမ်း)၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ ဖော်ပြပါကိစ္စရပ်များကို အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ခင်မာလာB.A (Law) L.L.B**
**တရားရုံးချုပ်ရှေ့နေ (စဉ်-၆၄၁၄)**
**အမှတ် ၅၁/၅၈၊ ၄၄လမ်း၊**
**(၈)ရပ်ကွက်၊ ပြင်ဦးလွင်မြို့**

## အမှားပြင်ဆင်ချက်

၂၀-၁၂-၂၀၀၃ရက် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားရုံး(၃) ၏ ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ် သင့်ကြောင်း ထုချေပေးရန် အကြောင်းကြား စာတွင် ၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၁၄၁ အစား ၂၀၀၃ခုနှစ် တရားမဇာရီမှု အမှတ် ၁၄၁ ဟု ပြင်ဆင် ဖတ်ရှုပါရန်။

## ရောင်းမည်

ကျန်းမာသန်စွမ်းသော Rott Weiler ခွေးပေါက်ကလေးများ ကာကွယ်ဆေးထိုးပြီး
**၀၉၈၀-၂၃၉၉၁**
**၀၉၈၀-၂၀၅၈၀**

## ဒေါ်မမလေး (မင်းဘူးမြို့) အသက် (၈၈)နှစ်

ငဖဲမြို့နေ(သကောင်း ဦးမောင်ကြီး-ဒေါ်ကွမ်းညှာ)တို့၏သမီး၊ဦးထွန်းပ၏ဇနီး၊ မခင်ဒီ၊ မခင်စီ(သစ်လုပ်ငန်း)၊ မင်းထွန်းဦး(စစစ)မကွေး တို့၏မိခင်သည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန် ပါသဖြင့် ၆-၁-၂၀၀၄ရက်တွင်မကွေးမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု၊မကွေးမြို့။**

## မျက်နှာဖုံးအပ်ပေပါဖြင့် ထွက်ပြီ

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာ သတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊
☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

**ရောင်းဈေး ၂၀/-ကျပ်**

**ဆက်သွယ်နိုင်ပါသည်** (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)




## အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

United Paints Group Co.,Ltd. မှ အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | | | |
|---|---|---|---|---|
| ၁။ | Quality Assurance Executive | B.Sc (Chemistry/IC) | ကျား၊မ | ၁ ဦး |
| ၂။ | QC Inspector | B.Sc (Chemistry/IC) | ကျား၊မ | ၂ ဦး |
| ၃။ | Admin Assistant Officer | Graduate | မ | ၁ ဦး |
| ၄။ | Receptionist | Graduate | မ | ၁ ဦး |
| ၅။ | Marketing Promoter | Graduate | မ | ၁ ဦး |

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူများ၊ အချိန်ပိုဆင်းနိုင်သူများ၊ ကျန်းမာသန်စွမ်းသူများသာ လျှောက်ထားရမည်။ အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။ အမှတ်စဉ် (၂)၊(၃)နှင့် (၅)သည်အသက် (၂၅ မှ၃၅နှစ်)အတွင်းဖြစ်ရမည်။

အမှတ်စဉ် (၁)အတွက် ဓာတ်ခွဲခန်းအတွေ့အကြုံရှိရမည်။ အင်္ဂလိပ်စာ ရေး၊ပြော၊ ဖတ် ကောင်းမွန်ရမည်။ (အသက် ၂၅မှ ၄၅နှစ်အတွင်း)
အမှတ်စဉ် (၂)အတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အမှတ်စဉ် (၃)အတွက် ကွန်ပျူတာစာစီစာရိုက် အင်္ဂလိပ်၊ မြန်မာကျွမ်းကျင်ရမည်။
အမှတ်စဉ် (၄)အတွက် အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။ သွက်လက်ပြီး ယဉ်ကျေးသိမ်မွေ့စွာ လက်ခံပြောဆိုဆက်ဆံနိုင်ရမည်။ (အသက် ၂၅နှစ်မှ ၃၀နှစ်အတွင်း)
အမှတ်စဉ် (၅)အတွက် အရောင်းနှင့် စာရင်းဇယားအတော်အသင့်အတွေ့အကြုံရှိရမည်။ လက်ရေးလက်သားကောင်းမွန်ရမည်။ Marketing သင်တန်းများ တက်ရောက်ဖူးသူ ဦးစားပေးမည်။ Computer အခြေခံရှိရမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများကို (၂၁၆/၂၂၂) ဘီ-၁၊ ဗိုလ်မြတ်ထွန်း အိမ်ရာ မဟာဗန္ဓုလလမ်း ပုဇွန်တောင်မြို့နယ်တွင် ထုတ်ယူ၍ ဓာတ်ပုံတစ်ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

## ဦးအုန်းလွင်

**ဦးစီးအရာရှိ(လေကြောင်းထိန်း) A.T.C.O (1)**
**(ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃၄၈၊ ဗိုလ်မင်းရောင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးကိုကိုကြီး)-ဒေါ်တင်စိန်တို့၏သား၊ (ဦးဆင့်-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ခင်ပြုံးဆင့်၏ခင်ပွန်း၊ မောင်ဇင်ကိုလွင် (F-P II, IM-2)၏ဖခင်၊ ဦးထွန်းဝေ-ဒေါ်သင်းသင်းဝေ၊ (ဦးမောင်မောင်)-ဒေါ်ခင်တီတီ၊ ဦးထိန်ဝင်း-ဒေါ်ရီရီဆင့်၊ ဦးမောင်မောင်လေး-ဒေါ်တင်မေဦး၊ (ဦးမောင်မောင်ကျော်)-ဒေါ်ခင်မကြီး၊ ဦးအောင်ကျော်လေး-ဒေါ်ခင်မာညွန့်၊ (ဦးမောင်မောင်ဝင်း)၊ဒုတိယဗိုလ်မှူးကြီးကျော်ဆွေဦး(တပ်မတော်-လေ)-ဒေါ်မာလာဆင့်တို့၏အစ်ကို/မောင်သည် ၆-၁-၂၀၀၄ ရက်(အင်္ဂါနေ့) ညနေ ၆:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒေါ်အေးမင်း (အုန်းနဲ့)

**အသက်(၇၂)နှစ်**

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန်းနဲ့ရွာနေ (ဦးကျော် - ဒေါ်အေးကျင် - ဒေါ်ရှင်)တို့၏သမီး၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၈၃၇နေ ဒေါက်တာခင်ဝင်းသက်(ကျန်းမာရေးဦးစီးဌာန)၏မိခင်၊ မောင်အေးမောင်မောင်သက်(ဒဂုံတက္ကသိုလ်)၏အဘွား၊ (ဦးစိုးတင်)-ဒေါ်အုန်း၊ (ဦးဘဌေး)-ဒေါ်အေး၊ ဦးစံကြည်-ဒေါ်ခင်စိန်တို့၏ညီမ၊ (ဦးစံရီ)-ဒေါ်စောသီ၊ ဦးသိန်းကို(ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏အစ်မသည် ၅-၁-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေတွင် ၎င်း၏ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၂)သို့လှူဒါန်းပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ကျောင်းဒါယကာကြီး ဦးထွန်းအေး (မန္တလေး)

**သားဖွားဆေးခန်းများအလှူရှင်**
**အသက်(၈၄)နှစ်**

မန္တလေးမြို့၊ ဟသ်ာပြဒါးဝင်းရပ်နေ (ဦးကြား-ဒေါ်သီ)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၄၃ နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ မကေဇင်ယု၊ မဇင်မာသက်ထွန်း၊ မောင်ဟိန်းသူအောင်၊ မောင်ဇွဲမာန်ဦး၊မောင်အောင်ခိုင်စိုး၊မောင်လှိုင်ပြည့်အောင်၊ မောင်လင်းမြတ်စိုး၊ မဖြူနှင်းခိုင်၊ မပိုးကေခိုင်တို့၏ ဘိုးဘိုးကြီးသည် ၅-၁-၂၀၀၄ရက် ည ၈:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးများ။

## ကွန်ပျူတာသုံးစာရင်းကိုင်သင်တန်း

- Microsoft Excel
- Accpac Plus Software

MCC


## ရခိုင်သဟာယအသင်း (ရန်ကုန်)
## သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေး

**နေ့ရက်** – ၁၇-၁-၂၀၀၄ (စနေနေ့)
**အချိန်** – မွန်းလွဲ (၁) နာရီ
**နေရာ** – ရခိုင်ပြည်နယ်ဓမ္မာရုံ

အသင်းဝင်များနှင့် အသင်းဝင်လိုသူများ တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်–**
ဦးကျော်ဇံလှ ဖုန်း–၅၅၆၂၂၁
ဦးရွှေလှဖြူ ၆၆၂၃၇၁


FAME

# Urocrush® "ဆီးကျောက်ပျော်ဆေး"

GMP & ISO 9001:2000

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

(Germany) (France) (Switzerland) (China) (Myanmar)


## ၂၆-၁၂-၂၀၀၃ ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဦးအောင်ဝင်း SLN-၀၅၆၉၁၆ ၏ ညွှန်ကြားချက်အရ ရှေ့နေ ဒေါ်သန်းသန်းလွင်၏ ကြေညာချက်ကို
# ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်ဝင်း 2 MHA-၀၀၀၄၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဦးအောင်ဝင်းကို မန္တလေးမြို့ မြတ်တော်ဝင်ရေယာဉ်အဖွဲ့တွင် စက်ဆရာအဖြစ်ဆောင်ရွက်စဉ်က စတင်သိရှိခဲ့ရပြီးနောက်ပိုင်းတွင် ၎င်းတွင်အလုပ်မရှိ၍ အလုပ်ပေးပါရန် လာရောက်အကူအညီတောင်းခံလာသဖြင့် ဦးကြည်ဝင်း၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအချို့ (မော်တော်၊တွဲရေယာဉ်လုပ်ငန်း)တွင် စေခိုင်းခဲ့ဖူးသူတစ်ဦးသာဖြစ်ပါသည်။ ၃၀-၁၀-၂၀၀၁ ရက်တွင် လုပ်ငန်းမှရပ်စဲပြီး၊ ၎င်း၏လုပ်အားခများပါ ရှင်းလင်းရယူကာ ထွက်ခွာသွားခဲ့သူ ဦးအောင်ဝင်းသည် ဦးကြည်ဝင်း၏ လုပ်ငန်းများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို ဦးကြည်ဝင်းအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ဦးအောင်ဝင်းက သတင်းစာတွင် ဦးကြည်ဝင်းထံ၌ ငွေကျပ် ၆၂၅၀၀၀၀ နှင့် စက်တွဲ၊ သင်္ဘောကျောက်၊ ကျောက်ကြိုးတို့ကို အပ်နှံထားခြင်းမရှိဘဲ မမှန်မကန်ကြေညာခြင်းကြောင့် ဦးကြည်ဝင်း၏ အကျိုးစီးပွား၊ ဂုဏ်သိက္ခာတို့ကို ထိခိုက်ညှိုးနွမ်းနစ်နာစေသည့်အတွက် အမြန်ဆုံးပြန်လည်ရုပ်သိမ်းရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးကြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမောင်မောင်စိုး (အယ်လ်အယ်လ်ဘီ)**
**တရားရုံးချုပ်ရှေ့နေ (စဉ်–၃၅၂၉)**
**အမှတ် (၁၀)ရပ်ကွက်**
**အထက်မင်းလှမြို့၊ မကွေးတိုင်း**


# BALENO SHOP
## CHINESE NEW YEAR SPECIAL DISCOUNT

5% TO 50% OFF

**10.1.2004 to 22.1.2004**

(1) ...
(2) No.(56), LEVEL (2), FMI CENTRE. ☎ : 240400, Ext-1216
(3) ...
(4) G-12, GROUND FLOOR, PEARL CENTRE. BAHAN TOWNSHIP.

OFFICE : NO. (48-54), 13TH STREET, LANMADAW TOWNSHIP. ☎ : 230116

Men Bags, Sling Bags, Wallets, School Bags, Belts, Luggages, Travel Bags.

## Golf WAREHOUSE SALE

Drivers, Woods, Irons, Wedges, Putters and Accessories

Welcome All GOLFERS
Saturday 31st January 2004
Sunday 1st February 2004
09:00 a.m. to 05:00 p.m.

PAN WEST COMPANY LIMITED
43-A PINY ROAD 7 1/2 Mile Yangon MYANMAR
Phone: 665726

Diploma in IT

MT&K Tourism Co.,Ltd
09-2042015, 09-5016937

☎ 709977, 380183

☎ - 377491


## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်း စာအုပ်အမှတ် ရန်–၂၇၉၁ သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

**ဦးအုန်းမြင့်**
**အမှတ် ၃၃၊ ကျောင်းလမ်း၊**
**တောင်လုံးပျံရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်အမှတ် ယ/၇၂၅၈၉ လက်ဝယ်ရှိသူက (ကမ–၃)ပျောက်မိတ္တူ လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါ သည့်ရက်မှ ၁၅ ရက်အတွင်း (ကညန)၊ ရှေ့တန်းရုံး မအုပင်သို့ လာရောက်ဆက်သွယ်ပါရန်။ **(ကညန)၊မအုပင်**

## ဒေါ်နုမေ
## ကျန်းမာရေးမှူး(မောင်တော)
## အသက်(၅၃)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးဖိုးလှ–ဒေါ်စိန်လှဖြူ)တို့၏သမီး၊ ကျေးပင်ကြီး ရပ်ကွက်နေ ဦးစိန်ထွန်း–ဒေါ်စောညွန့်တို့၏ သမီးချွေးမ၊ ဦးစံရွှေမောင် (တရားရုံး၊ မောင်တော) ၏ဇနီး၊ မောင်ဇော်ဦး(ငွေဖြိုးထွန်းကုမ္ပဏီ)၊ မနုမြစံ(နောက်ဆုံးနှစ်B.Agri)ရေဆင်းတို့၏မိခင်သည် ၅-၁-၂၀၀၄ ရက် ဝ၆:ဝဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒုတိယဗိုလ်မှူးကြီးအေးသိန်း (ငြိမ်း)
**B.Sc, M.S.Ed, M.Sc**
**စာပေညွှန်ကြားရေးမှူး(စစ်တက္ကသိုလ်)ငြိမ်း၊**
**သံအမတ်ကြီး(ငြိမ်း)၊ကျွမ်းကျင်သူအကြံပေးအရာရှိ(MEC) ဥက္ကံမြို့**
**အသက်(၇၄)နှစ်**

ရန်ကုန်တိုင်း၊ ဥက္ကံမြို့နေ (ဦးထွန်းအောင်–ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဒေါ်ခင်စောနွဲ့)၊ ဒေါ်မြစန္ဒာ၊ ဒေါ်နန်းခင်ဆွေငြိမ်းတို့၏ခင်ပွန်း၊ (ဦးမြင့်စိုးသိန်း)၊ ဒေါ်အေးနွဲ့သိန်း–ဗိုလ်မှူးခင်မောင်မြင့်(လေ/ငြိမ်း)၊ ဒေါ်သင်းနွဲ့သိန်း၊ (ဦးအောင်ဇင်သိန်း)–ဒေါ်အေးအေးသန်း၊ ဒေါ်စိုးနွဲ့သိန်း၊ ဦးဇော်လွင်သိန်း(Lizstar Group)–ဒေါ်မေသက်ခိုင်(T.T.C၊ လှိုင်)၊ မသက်စန္ဒာသိန်း(Myanmar Indobest Co.,Ltd.)၊ မစုစန္ဒာသိန်း–ကိုမျိုးတင်ရှိန်၊ မငုစန္ဒာသိန်း B.E (Elec.)၊ မသန္တာအေးသိန်း(IIC, T.T.C)တို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် အမှတ် ၁၅၊ (ဒုထပ်)၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)သည် ၈–၁–၂၀၀၄ရက် မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၀–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး
## ဦးစိန်သောင်း (ရေစကြို)
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အိမ်အမှတ် ၁၈၂ နေ (ဦးဘအေး–ဒေါ်အေး)တို့၏သား၊ မုဒုံမြို့နေ (ဦးကွန်ပါ–ဒေါ်နှင်းပွင့်)တို့၏သားသမက်၊ (ဦးရွှေ–ဒေါ်အုံးကြည်)၊ (ဦးကျော်သန်း)–ဒေါ်ကြည်၊ ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ခတ္တာလမ်း၊ အမှတ် ၁၃၄ နေ ဒေါ်စန်းမြ၊ ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ကံကော်လမ်းမကြီး ၄၁–A နေ ဦးငြိမ်း(နာယက) မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (UMFCCI)–ဒေါ်အုံးကြင် [အိုကေ (OK) ဆန်နှင့်အထွေထွေရောင်းဝယ်ရေး]တို့၏ညီ/မောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဦးစိုးတင့်–ဒေါ်ခင်သိန်းတို့၏အစ်ကို၊ ဒေါ်သင်းအုံး၏ခင်ပွန်း၊ တူ တူမ ၁၈ ယောက်တို့၏ဦးလေး၊ မြေး ၂၇ယောက်တို့၏အဘိုးသည် အမှတ် ၁၃၄၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံနယ်မြေရှိနေအိမ်၌ ၈–၁–၂၀၀၄ရက် နံနက် ၈:၃၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြို့သစ်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီနှင့် ဘုရင့်နောင်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်တင်အုန်း (ကျိုက်လတ်)
**အသက်(၈၃)နှစ်**

ကျိုက်လတ်မြို့၊ ၆ လမ်း၊ အမှတ် ၂၈ နေ (ဦးတင်ဦး–ဒေါ်အေး)တို့၏သမီး၊ (ဦးစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေး ၃ လမ်းနေ ဦးမြင့်–ဒေါ်စန်းတင့်၊ ဦးလှမြင့်–ဒေါ်ရီတင်၊ ဦးသိန်းဇော်–ဒေါ်ညွန့်ညွန့်ရီ၊ ဦးသောင်းထွန်း–ဒေါ်မွန်မွန်ဦး၊ ဦးခင်ဝင်း–ဒေါ်စန်းစန်း၊ ဦးဝင်းညွန့်–ဒေါ်ခင်မြင့်၊ (ဦးထွန်းအောင်ကျော်)–ဒေါ်ခင်ခင်အေးတို့၏မိခင်၊ မြေး ၂၁ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၈–၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် အမှတ် ၂၀၃၊ မဥ္ဇူလမ်း၊ အောင်သိဒ္ဓိနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒုတိယဗိုလ်မှူးကြီးအေးမြင့် B.E (Metallurgy)
**ဗိုလ်သင်တန်းအပတ်စဉ်(၅၈)**
**အသက်(၅၁)နှစ်**

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နေ ဦးသိန်းကျော်–ဒေါ်တင်မေတို့၏သား၊ မွန်ပြည်နယ်၊ မုဒုံမြို့နေ ဒေါ်ဘေဘီကြည်၏ခင်ပွန်း၊ မချောအိပိုင်၊ မရည်မွန်ပိုင်တို့၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးအေးမြင့်သည် ၈–၁–၂၀၀၄ရက်နေ့ နံနက် ၉:၁၅နာရီတွင် မော်လမြိုင်မြို့၌ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ရက်နေ့ မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ ဝွေးကုန်းစစ်သချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## (၁)လပြည့်အလွမ်း
## ဗိုလ်မှူးကျော်ဆန်းဝင်း B.Sc, (D.S.A)
**အသက်(၃၅)နှစ်၊ (၁၀–၁၂–၂၀၀၃)**

ဖေဖေ၊ မေမေတို့ ပြုတဲ့ကုသိုလ်ကောင်းမှုအစုစုကို သားအား အမျှပေးဝေပါတယ်။ သား ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ဦးအေး–ဒေါ်အုန်းရီ**
**ဗိုလ်မှူးချုပ်ပြည့်စုံ–ဒေါ်အေးပြည့်ဝေခင်**

မောင့်အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှုများကို နေ့စဉ်မပြတ် ပြုလုပ်နေပါတယ်၊ မောင်ရောက်ရာအရပ်မှ သာဓုခေါ်ပါ။

**ချစ်ဇနီး–ကလျာပြည့်ဝေသျှန်**
**ချစ်သားကြီး–ပြည့်ဘုန်းသျှန်**
**ချစ်သားငယ်–ပြည့်လျှမ်းသျှန်**

ပြုလုပ်သမျှကုသိုလ်ကောင်းမှုတိုင်းကို အမျှပေးဝေပါတယ်။ ဦးဦးရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ **ညီမလေး–ပန်ထွာပြည့်ဝေသျှန်**

## ရဟန်း၊ကျောင်းအမကြီး
## ဒေါ်ခင်မြရီ(ခ)လျှန်ငန်ဖောင်း
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၃၂၊ အပေါ်ဆုံးထပ်(ယာ)နေ (ဦးလျှံကီး–ဒေါ်ခင်မေစု)တို့၏သမီး၊ (ဦးစိန်ဝင်း)၏ဇနီး၊ ဦးညွန့်စိန်–ဒေါ်လှလှရီ၊ (ဒေါ်အေးကျင်)–ဦးလှရွှေ၊ ဦးစိန်ထွန်း–ဒေါ်စိန်မြ၊ ဦးစိန်မင်း–ဒေါ်ဝင်းဝင်း၊ (ဦးစိန်မောင်)၊ ဒေါ်အေးလှ–ဦးမြတ်ကိုကိုဦး၊ ဒေါ်အေးသန်းတို့၏မိခင်၊ မခင်အေးဝင်း၊ မောင်သန်းဝင်း၊ မခင်မြဝင်း (HTET & Right Computer)၊ မခင်ထွေးဝင်း၊ မမီမီဝင်း၊ မသဇင်လှရွှေ၊မောင်ချမ်းမြေ့အောင် (2nd Year-Eng-EYU)၊ မဖွန်ဖြူထွန်း(ထ–၅၊ ဗိုလ်တထောင်)၊ မသီတာမင်း၊ မောင်နိုင်မင်းလွင်၊ မဝါဝါမင်း၊ မောင်ကျော်ကိုကိုအောင်၊ မောင်ထူးမြတ်လွင် (ထ–၂၊ ဗိုလ်တထောင်)၊ မခင်မြတ်လွင်(ထ–၂၊ ဗိုလ်တထောင်)၊ သမီးလေးတို့၏အဘွားသည် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ည ၉:၃၅ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကွမ်တုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ဂေါ်ဖွမ်ဆိုင်းတောင်
**အသက်(၇၆)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကွတ်ခိုင်မြို့ နယ်၊ နမ့်ဖတ်ကာကျေးရွာ ယခင်နေ (ဦးဂေါ်ဖွမ်ဇော်တောင်–ဒေါ်လရီးတောမ်)တို့၏သမီးကြီး၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၃၃၃ နေ (သင်းထောက်ဆရာ ဦးဖုန်ဂန်ဇော်လီ)၏ဇနီး၊ ဒေါ်ဂေါ်ဖွမ်နန်ဘောက်–(ဦးလမိုင်တူး)၊ ဒေါ်ဂေါ်ဖွမ်နန်ဒွဲ–ဦးဇော်ယော်၊ (ဒေါ်ဂေါ်ဖွမ်နန်ထု – ဦးကရိန်လလိုင်း) ဒေါ်ဂေါ်ဖွမ်နန်ထန်–(ဦးခွန်ထွန်း)၊ ဒေါ်ဂေါ်ဖွမ်နန်တောမ် – ဦးဆွမ်လွတ်ဆန်းဒေး၊ ဦးဂေါ်ဖွမ်ဇော်ဖန်–ဒေါ်ရွယ်ထွယ်၊ ဒေါ်ဂေါ်ဖွမ်နန်ပရီ–ဦးဇော်အောင်၊ ဦးဂေါ်ဖွမ်ဇော်နော်–ဒေါ်နန်းမူ (ဦးဂေါ်ဖွမ်ဇော်အောင်)–ဒေါ်နန်စင်တို့၏အစ်မ၊ (ဦးဖုန်ဂန်ဇော်ဆိုင်း) – ဒေါ်ဖော်ကျန်ကော့မိုင်၊ (ဦးဖုန်းဂန်အုရားနော်– ဒေါ်ဂေါ်ဇမ်နန်ဘောက်)၊ (ဦးဖုန်းဂန်ဇော်လ)၊ ဦးဖုန်ဂန်ဇော်ရှန်–ဒေါ်စန်းစန်းဝင်း၊ (ဦးဖုန်ဂန်ဇော်ဂွန်း)၊ ဒေါ်ဖုန်ဂန်ဂျာခေါန်–ဦးအင်ခွမ်တူးလွမ်၊ ဒေါ်ဖုန်းဂန်နန်ဘောက်–(ဦးမရန်ဇော်အောင်)–ဦးဖော်ခေါ်အောင်၊ (မဖုန်းဂန်ဒွဲရော်)၊ ဒေါ်ဖုန်ဂန်နန်ဆန်–ဗိုလ်မှူးဝဖိုင်ဂမ်အောင်တို့၏မိခင်၊ မြေး ၂၀၊ မြစ်လေးယောက်တို့၏အဘွားသည် ၇–၁–၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လသာမြို့နယ်၊ ၁၇လမ်းနေအိမ်နှင့်ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် စမ်းချောင်းမှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဆင္ဃသံဂီတိကာရက**
**ပြည်နယ်ဝိနည်းဓိုရ်၊ ပြည်နယ်ဩဝါဒါစရိယ**
**ဘောလုံးကွင်းပဝါရဏာ(သုဓမ္မာ)ဂိုဏ်း၏ဂိုဏ်းချုပ်**
## ဘဒ္ဒန္တဉာဏ (ကံပြင်ဆရာတော်ကြီး)
**သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ (စဖိုကျွန်း)ကံပြင်ကျောင်းတိုက်၌ (၆၇)နှစ်တိုင်တိုင် သာသနာပြုသီတင်းသုံးတော်မူသော ရတ္တညူမဟာနာယက၊ ဂဏာစရိယ၊ ဂဏာဓိပတိ၊ သက်တော်ရှည် ကံပြင်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏ မဟာထေရ်မြတ်သည် (၁၃၆၅ခုနှစ် ပြာသိုလဆန်း ၇ရက်) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၅ ရက်)၂၄–၂–၂၀၀၄ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ၊
(စဖိုကျွန်း)ကံပြင်ကျောင်း၊ရခိုင်ပြည်နယ်၊ရသေ့တောင်မြို့နယ်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝဇိရ မဟာထေရ်
**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**ဥက္ကဋ္ဌ၊မြို့နယ်သံဃနာယကအဖွဲ့(မဟာရင်)**
**ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်**
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဒေါင်းဥကျေးရွာ၊ သာသနမဏ္ဍူသာကျောင်း၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဇိရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့(၆–၁–၂၀၀၄ရက်)ညနေ ၅:၂၅ နာရီတွင် ချောင်းဆုံမြို့နယ် မုရစ်ကလေးရွာ ရတနာ့ဗိမာန်ကျောင်းတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ပြာသိုလပြည့်ကျော် ၄ ရက် (၁၀–၁–၂၀၀၄ရက်) စနေနေ့ မွန်းလွဲပိုင်းတွင် မုရစ်ကလေးရွာ ရတနာ့ဗိမာန်ကျောင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ရတနာ့ဗိမာန်ကျောင်းတိုက်၊
မုရစ်ကလေးရွာ၊ချောင်းဆုံမြို့နယ်၊မွန်ပြည်နယ်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မဝံသ
**(သာသနဓဇ ဓမ္မာစရိယ)**
**သက်တော်(၆၇)နှစ်၊ သိက္ခာတော်(၄၆)ဝါ**

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ မုက္ကလကျေးရွာ၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ၊ မုက္ကလအနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မဝံသ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၁ ရက် (၂–၁–၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် (၁၀–၁–၂၀၀၄ ရက်) စနေနေ့တွင် စံကျောင်းချပြီး ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက် (၇–၂–၂၀၀၄ရက်) စနေနေ့တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊မုက္ကလကျေးရွာ။

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
## ဒေါ်ဖွားကူ (မြိုင်မြို့)
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန ၂ လမ်း၊အမှတ် ၁၀၈၃ နေ ဦးအုန်းမြ (စား/ဖျော် ပရိဘောဂ ကန်ထရိုက်တာ)၏ဇနီး၊ ဦးစိုးမြင့်–ဒေါ်တင်ဝမ်း(ဗဟိုအမျိုးသမီးဆေးရုံ)၊ ဦးအောင်–ဒေါ်ခင်စန်း၊ ဦးရဲတင့်လွင်–ဒေါ်သင်းသင်းဝင်း၊ မခင်မာချိုတို့၏မိခင်၊ ကိုထွန်းသူရဇော် (Hanseatic Shipping Co., Ltd.) ဒေါ်မိုးမိုး(အမေ့အိမ်)၊ ကိုအောင်ကျော်စိုး၊ ကိုမိုးဇော်ကို (R.T.M Co;)–မအိအိချော၊ မသင်းသင်းအောင်(Wood World Co;)၊ မရီရီခင်၊မောင်ဝဏ္ဏအောင်၊မောင်သက်နိုင်စိုး၊ မထက်လွင်လွင်၊ မမေလွင်လွင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၈–၁–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၁–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟာမက်ဆွာလေ(ခ)
## ဦးသာထွန်းအောင်
**စီမံအဆင့်(၁)၊ထွေ/အုပ်(ရုံးချုပ်)**
**အသက်(၃၈)နှစ်**

ကျောက်ဆည်မြို့နေ (ဦးလှမောင်–ဒေါ်ခင်ကြည်)နှင့်ရန်ကင်းမြို့နေ(ဦးအောင်ကြီး–ဒေါ်ခင်မြင့်)တို့၏မြေးဦး၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၊ တိုက် ၂၁၄၊ အခန်း ၆ နေ(ဦးစိုးမြင့်) R/O–ဒေါ်ညိုညိုခင်(ထွေ/အုပ်–ရုံးချုပ်)တို့၏ သား၊ ဒေါ်မိုးမိုးစိုး(စက်မှု–၁)–ဦးမျိုးမြင့်အောင် (East Wind)၊ ဦးမျိုးကျော်အောင်တို့၏အစ်ကို၊ ဦးမြတ်ကျော်အောင်(ဦးစီး၊ ထွေအုပ်)၊ ဒေါ်ခင်ခင်စု၊ ဦးမြတ်ဇော်၊ ဒေါ်စန်းစန်းအောင်၊ ဦးထွန်းလင်းအောင်–ဒေါ်သီဂီတို့၏တူသည် ၇–၁–၂၀၀၄ရက် ည ၁ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## မနန်းစုလှိုင်အေး
**အသက်(၂၃)နှစ်**
## မစုမြတ်စန္ဒီဇော်(ခ)ထက်ထက်
**အသက်(၁၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၅၁၊ လေးလွှာ(ဝဲ)နေ ဦးဇော်မြင့်(လဝက)–ဒေါ်အေးအေးနွယ်တို့၏သမီးနှင့်တူမသည် ကွယ်လွန်သွားပါသဖြင့် ၈–၁–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူများအား ရည်စူး၍ ၁၂–၁–၂၀၀၄ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်လှကြိုင်
**အသက်(၇၆)နှစ်**

လည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲရွာ၊ အနောက်ကျောင်း ဆရာတော် ဦးကုသလ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်မွန်းခြံ သုခကာရီကျောင်းတိုက် ဆရာတော် ဦးသုမန၊ အင်းတကော် မြို့မတောင်ကိုးလုံး ဆရာတော် ဦးဝိစိတ္တတို့၏မယ်တော်၊ အမှတ် ၅၁၊ ကင်မွန်းခြံ၊ ကန်လမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်နေ စက်ဆရာ (ဦးမြိုင်)၏ဇနီး၊ လှည်းကူးမြို့နယ်၊ ပိုက်ကြီးဝဲရွာနေ ဦးစိုးဝင်း–ဒေါ်ခင်စန်းဝင်း (မူလွန်ကျောင်းအုပ်၊ ပိုက်ကြီးဝဲ)၊ ဒေါ်အေးဝင်း(အလက–၃၊ မရမ်းကုန်း)၊ ဒေါ်ရွှေဝင်း၊ဦးဝင်းအောင်(M.P.P.E)–ဒေါ်လှကြည်၊ ဦးရေချမ်း–ဒေါ်ခင်ရွှေမြင့်၊ ဒေါ်တင်တင်ဝင်း (ပါမောက္ခ၊ ရှေးဟောင်း သုတေသနပညာဌာန၊ မန္တလေးတက္ကသိုလ်)၊ ဦးသက်ဝင်း–ဒေါ်တင်စိန်ဦး၊ မကြည်ကြည်ဝင်း၊ ဦးချစ်လှိုင်–ဒေါ်နိုင်နိုင်ဝင်း (စိန်ရတီမိတ္တူ)၊ ကိုစိုးလွင်–မနွယ်နွယ်ဝင်း၊ မဆွေဆွေဝင်း (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ် စာကြည့်တိုက်ဌာန)တို့၏မိခင်၊ မြေး ၁၆ ယောက် တို့၏အဘွားသည် ၆–၁–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်နှင်းအေး
**(ဇေယျာဝတီမြို့)**
**အသက်(၆၁)နှစ်**

ပဲခူးတိုင်း၊ ဇေယျာဝတီမြို့၊ ကြူအင်းရွာနေ (ဦးဘိုးဉာဏ်–ဒေါ်ခင်ဥ)တို့၏သမီး၊ ဇေယျာဝတီမြို့နေ (ဦးတင်မောင်)–ဒေါ်တင်ကြည်၊ (ဦးထွန်းရီ)–ဒေါ်မှုံတို့၏ညီမ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်နေ ဦးအောင်မြင့်–ဒေါ်မွှေးတို့၏အစ်မ၊ ဦးမြင့်စိုး–ဒေါ်စမ်းသီတာ (အလပြ၊ဇေယျာဝတီ)၊ဦးဇော်မြင့်(အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး)–ဒေါ်ချိုချိုဦး၊ မမိုမိုမြင့် (ချည်မျှင်နှင့်အထည်စက်ရုံ၊သမိုင်း)၊ (မောင်လှမင်း)–မမေသူမြင့် (ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း)၊ မောင်ကျော်မြင့်လွင်–မဆွေဇင်လဲ့၊ မောင်ရဲမြင့်ထွေး (အမှတ်–၉၆၊ မော်တော်ယာဉ်လိုင်းရုံး)၊မသက်နှင်းအေး (Myanma Lotus Asia Tours Ltd.)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ လှိုင်သာယာမြို့နယ်၊ (၃) ရပ်ကွက်၊ မင်းရဲကျော်စွာ ၃ လမ်း၊ အမှတ် ၇၀ နေ(ဦးမြင့်သွေး)၏ဇနီးသည် ၈–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်ဒါဇံ (စစ်တွေမြို့)
**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အိမ်အမှတ် ၂၈ နေ (ဦးရွှေထွန်းဦး–ဒေါ်ဆိုးခိုင်)တို့၏သမီး၊ (ဒေါ်စောဖြူ)၏ ညီမ၊ မယဉ်ယဉ်အေး၏ အဘောင်ရှင်သည် ၇–၁–၂၀၀၄ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်တင်သန်းထွန်း
**(မန္တလေးမြို့)**
**အသက်(၆၇)နှစ်**

မန္တလေးမြို့၊ ၆၄ လမ်း၊ ၂၆ x ၂၇ လမ်းကြား၊ အမှတ် ၉ နေ ဦးအေးမောင်သူ(လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ ဇနီး၊ ဒေါက်တာဇော်မင်းသူ – ဒေါက်တာသင်းသင်းခင်၊ မန္တလေးမြို့နေ ဦးသန့်စင်ဦး– ဒေါ်လှမင်းအေး၊ (ဒေါက်တာကြွယ်ခိုင်)–ဒေါ်ဝင်းမင်းအေး(ကထိက–IR Dept.)၊ ဦးရန်နိုင်တင့်–ဒေါ်ယမင်းအေး (Laurel Fitness MICT Part)၊ မောင်နေလင်းသူတို့၏မိခင်၊ ဗညားကျော်၊ အေးချမ်းမိုးသန့်၊ အောင်သစ်ခိုင်၊ ဝေယံမိုးသန့်၊ မာန်သော်ကတို့၏အဘွားသည် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့) ည ၁၁:၅၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၁–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးစိုးဝင်းဦး (ဗိုလ်မှတ်ဆိတ်)
**(ရန်ကင်း)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ တိုက် ၂၃၆၊ အခန်း ၆ နေ (ဦးကျော်စိန်)–ဒေါ်တင်ညွန့်တို့၏ သားကြီး၊ ဦးစိုးမင်းထွန်း–ဒေါ်နန်းလေး၊ ဦးနိုင်လင်း(လ/ထ ညွှန်မှူး၊ ဆညန)–ဒေါ်ခင်နှင်းဦး(အာမခံ၊ ငြိမ်း)၊ ဒေါ်ခင်စမ်းယု (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးစိုးလင်း–ဒေါ်အေးအေးဝင်းတို့၏ အစ်ကိုကြီး၊ မောင်နိုင်ကိုထွန်း၊ မသက်သက်ထွန်း၊ မနှင်းသီရိနိုင်၊ မောင်ဇင်မိုးနိုင်၊ မကြည်မွန်၊ မရည်မွန်တို့၏ဘကြီးသည် ၉–၁–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ခင်သောင်း
**(မြောင်းမြ)**
**အသက်(၇၄)နှစ်**

မြောင်းမြမြို့၊ အမှတ် ၁၀၊ ထောင်ရောင်နေလမ်း၊ အမှတ်(၇)ရပ်ကွက်နေ (ဦးမောင်ဆိုက်–ဒေါ်အုံးဆိုင်)တို့၏သမီး၊ (ဦးအုန်းကျော်–ဒေါ်ငွေကျင်)တို့၏ သမီးချွေးမ၊ ဒေါ်ခင်ပိုးမြင့် (အလပြ၊ ငြိမ်း)၊ အထက–၆၊ မြောင်းမြ)၏ညီမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကောက်လျင်လမ်းသွယ် ၂၊ တိုက် ၁၆၆၊ အခန်း ၃ နေ ဗိုလ်ကြီးလှမြင့်(ငြိမ်း)(တောင်ငူ)၏ဇနီး၊ဦးအောင်မြင့် (စက်ရုံမန်နေဂျာ၊ Shwe Mi Industrial Co., Ltd.)–ဒေါ်ရီရီမာ (ငွေစာရင်းရုံးချုပ်)၊ဒေါ်ချိုချိုမာ(အထပြ၊ အထက–၆၊ မြောင်းမြ)၊ ဦးကျော်သူ (လက်ထောက်အင်ဂျင်နီယာ၊ တံတားအထူးအဖွဲ့–၁) – ဒေါ်သက်မာမြင့် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ကြိုလုပ်ငန်းရုံးချုပ်)၊ ဦးကိုကိုနိုင်မြင့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၈–၁–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ကွယ်လွန်သွား ပါ၍ ၁၀–၁–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကောက်လျင်လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမောင်မောင်တိုး (ပုတီးကုန်း)
**အဖွဲ့ခွဲမှူး(ငြိမ်း)ဝန်ကြီးရုံး၊**
**ကာကွယ်ရေးဝန်ကြီးဌာန**
**အသက်(၆၇)နှစ်**

ပုတီးကုန်းမြို့၊ ၅လမ်း(မြောက်ပိုင်း)နေ(ဦးဘိုးလူ–ဒေါ်သီမ)တို့၏သား၊(ဦးမြလွင်–ဒေါ်ငွေလုံ)တို့၏ သားသမက်၊ (ဦးကြင်မောင်–ဒေါ်အမာ)၊ (ဒေါ်သိန်းကြည်)၊ (ဦးလှကြီး–ဒေါ်တင်စိန်)တို့၏ညီ/မောင်၊ အမှတ် ၃၅၀/က၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ဒေါ်တင်နု၏ခင်ပွန်း၊ ဦးစိန်သန်း(ရွှေလမင်းကဖီး) – ဒေါ်နီနီတိုး (မြဝတီဘဏ်လီမိတက်)၊ ဦးအောင်မိုးလွင်–ဒေါ်ဖြူဖြူတိုး (ဒိုင်းမွန်းစတားကုမ္ပဏီ)၊ (ဦးကျော်ကျော်တိုး)တို့၏ဖခင်၊ (ဒေါက်တာလှစိုး)၊ ဒေါ်စိန်စိန်၊ ဒေါ်တင်တင်ထား(ယဉ်ကျေးမှုတက္ကသိုလ်)၊ ဦးမြဇော်ဦး၊ ဒေါ်တင်တင်ပြုံး(လ–၄၊ မ/ဥ)တို့၏ဦးလေး၊ (မောင်ဝင်းနိုင်စိုး)၊ မောင်ဖုန်းနိုင်စိုး၊ မဝေမာစိုး၊ မောင်ထွန်းနိုင်စိုး၊ မောင်ငြိမ်းချမ်းဦး၊ မသက်ထားဦး၊ မောင်ဆန်းထွန်းဦး၊နှင်းအိအိလွင်၊ရဲမင်းသူတို့၏အဘိုးသည် ၈–၁–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## မသိန်းသိန်းအောင်
**(လျှပ်စစ်စွမ်းအား၊ရန်ကုန်တိုင်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ အခန်းအမှတ် ၉ နေ (ဦးဖေအောင် ဒုအတွင်းဝန်၊ကာကွယ်ရေး–ဒေါ်မမကြီး ရန်ကင်းမြို့နယ် သတင်းစာကိုယ်စားလှယ်)တို့၏သမီး၊ဦးသန်းထွန်းအောင် (မူးယစ်ဆေးဝါး တိုက်ဖျက်ရေး)–ဒေါ်ခင်သက်အေး(ငါးလုပ်ငန်း)၊ ဦးသိန်းမြင့်–ဒေါ်တင်တင် အောင် (အငြိမ်းစား၊ ဘဏ္ဍာရေးနှင့်အခွန်)၊ဦးသာထွန်းအောင် (ကက–ငွေ၊လှိုင်ကော်)–မစန်း၊ ဦးညိုထွန်း–(ဒေါ်မြင့်မြင့်အောင်)တို့၏ညီမ၊ (ဦးသိန်းကျော်)–ဒေါ်စန္ဒာအောင်(သံလွင်တံတား မော်လမြိုင်၊မုတ္တမဘက်ကမ်း)၊ မသီရိအောင်(ဆားလုပ်ငန်း)၊ ဦးဆန်းနီအောင်(ဆောက်လုပ်ရေး)–ဒေါ်စုစုတင် (ဆောက်လုပ်ရေး)တို့၏ အစ်မသည် ၈–၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးတက်တိုး(ခ)ဦးသိန်းထွန်း
**(ဆောက်လုပ်ရေး–၂၁၊ငြိမ်း)**
**အသက်(၅၈)နှစ်**

ဧရာဝတီတိုင်း၊မအူပင်မြို့နေ(ဦးစံလွင်–ဒေါ်ရီ)တို့၏သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘတင်–ဒေါ်သိန်းလှ)တို့၏သားသမက်၊(ဦးရွှေဒင်္ဂါး)–ဒေါ်စောလှိုင်တို့၏တူ၊ ဦးအောင်သိန်း–ဒေါ်ညွန့်ရီ၊ ဦးထွန်းချို–ဒေါ်ပြုံးကြည်တို့၏ညီ/မောင်၊ ဦးစိန်သန်း–ဒေါ်ထွေးခင်တို့၏အစ်ကို၊ အမှတ် ၁၂၇၉/ခ၊ ဧရာမင်းလမ်း၊ (၁၀၇)ရပ်ကွက်နေ ဒေါ်ခင်မြလွင်၏ခင်ပွန်း၊ကိုသန်းအောင်–မခင်သီတာ၊ ကိုလှဇော်–မဖြူဖြူလွင်၊ ကိုရွှေကျော်–မညိုညိုထွေး၊ ကိုစိုးကျော်နိုင်–မသီသီတင့်၊ မမြသီတာ၊ ဇော်ဇော်ထွန်း၊မောင်မြတ်သူ၊ မြစပယ်ဖြူ၊ မောင်စည်သူ၊ မောင်ပြည့်ဖြိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၈–၁–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၁–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၀၆၊ ၁၆၁၊ ၄၀ အဝါ၊ ၇၇၊ ၆၂ ကားစီး၍ ၁၀၇ ဂိတ်ဟောင်းမှတ်တိုင်ဆင်းပါ။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်စန်း
**(လေဟာပြင်ဈေး)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ် ၁၃၊ မြေညီထပ်နေ (ဦးကတ်မောင် – ဒေါ်ကျင်သန်း)တို့၏ သမီးသည် ၉–၁–၂၀၀၄ရက်(သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူဆွေမျိုးမိသားစု။

## ဦးမောင်မောင်စိုး(ခ)ကိုစိုး
**(သမိုင်းကားလေးဂိတ်)**
**အသက်(၄၂)နှစ်**

ရန်ကုန်တိုင်း၊ ဥက္ကံမြို့နေ (ဦးလှမြိုင်–ဒေါ်တင်ကြည်)တို့၏ သားထွေး၊ ရွှေပေါက်ကံမြို့သစ်၊ ဟံသာဝတီလမ်း၊ အမှတ် ၁၄/၆/၁၁၅၉ နေ ဦးမြဟန်–ဒေါ်ညိုတို့၏သားသမက်၊ မခင်သန္တာ၏ခင်ပွန်း၊ မအေးသူဇာ၏ဖခင်၊ ဦးကျော်ရွှေ–ဒေါ်ရွှေမိ၊ ဦးအောင်ရွှေ–ဒေါ်ညိုညို၊ ဦးအောင်ဆန်း–ဒေါ်ဝင်းရွှေတို့၏မောင်၊ မောင်ကျော်ကျော်စိုး၏ အစ်ကိုသည် ၈–၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရွှေပေါက်ကံနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုအောင်ရွှေကို
**(နီဗွာန်ကုန်သည်)**
**(ဆံတော်ရပ်၊ပြည်မြို့)**
**အသက်(၄၆)နှစ်**

ပြည်မြို့၊(၂)ရုံဈေးကြီးနီဗွာန်ကုန်သည် ဦးဘဘု –ဒေါ်မြင့်အေးတို့၏ သားလတ်၊ ကိုတင်ဝင်း–မသန်းသန်းဝင်း၊ ကိုခင်မောင်သန်း–မလှလှဝင်း(၂ ရုံ၊ ဈေးကြီး)တို့၏ညီ၊ ကိုခင်မောင်ဝင်း၊ ကိုသူရ–မခက်ခက်ဝင်းတို့၏ အစ်ကို၊ မောင်လှိုင်ဝင်း – မမြသန္တာစိုးတို့၏ ဦးလေး၊ မအေးအေးသန်း၏ ခင်ပွန်း၊ မောင်လွင်သူဟိန်း၊ မောင်သိန်းထိုက်ဇော်၊ မသီရိပတ္တမြားခေတ်၊ မောင်မင်းကုဋေအောင်တို့၏ဖခင်သည် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြည်မြို့ ကန်သာဦးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488

# နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ကြည့်ရှု ပြည်တွင်းပြည်ပကုမ္ပဏီများက ထုတ်လုပ်ထားသည့်ဆန်စက်နှင့်အပိုပစ္စည်းများပြသထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနၡ ခင်းကျင်းပြသထားသည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄တွင် ပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ "မြန်မာ့ ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄"ပြသနေသည့် ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနသို့ ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်၊ဌာနဆိုင်ရာအကြီးအကဲများ၊ ပြပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပြည်ပကုမ္ပဏီများနှင့်ပြည်တွင်းမှ ဆန်စက်ပညာရှင်များ၊ လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "မြန်မာ့ ဆန်စက်လုပ်ငန်း ပြပွဲ-၂၀၀၄"တွင် ခင်းကျင်းပြသထားသော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက ပြုလုပ်တပ်ဆင်သည့် ၁၀တန်ကျ ဆန်စက်၊ မန္တလေးတိုင်းစက်မှုဇုန်က ထုတ်လုပ်သော ၁၀တန်ကျ ဆန်စက်၊ မလေးရှားနိုင်ငံမှ

*စာမျက်နှာ ၉ ကော်လံ ၄*

ဈေးကွက်သို့ တင်ပို့ရောင်းချရန်အသင့်ဖြစ်နေသော Suzuki Viva မော်တော်ဆိုင်ကယ်များ။ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

# နိုင်ငံတကာအဆင့်မီဆိုင်ကယ်နှင့်မော်တော်ယာဉ်များ ထုတ်လုပ်ပေးနေသော မြန်မာ-ဆူဇူကီးကုမ္ပဏီ

**သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတော်ပိုင်စက်မှုလက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးမြင့်မားရန် စက်မှုအတတ်ပညာရှင်များမွေးထုတ်ခြင်း၊ ပြည်ပသို့ ပညာသင်စေလွှတ်ခြင်းစသည့် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု မြင့်မားတိုးတက်ရေးကို နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တစ်ဖက်ကလည်း ပြည်ပမှစက်မှုလုပ်ငန်းကုမ္ပဏီများကို ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံစေကာ ဖက်စပ်ကုမ္ပဏီအဖြစ် ထူထောင်စေခြင်းဖြင့် စက်မှုအတတ်ပညာနှင့် နည်းပညာများ မြန်မာနိုင်ငံအတွင်း ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထူထောင်လုပ်ကိုင်ခွင့်ပြုထားသော စက်မှုဖက်စပ်ကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိနိုင်ရန်အမှတ် (၂)စက်မှုဝန်ကြီးဌာနတောင်ဒဂုံစက်မှုနယ်မြေသို့ မြန်မာ့အလင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ရှေးဦးစွာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်အမှတ် ၃၁၇/၉၈ အရ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဂျပန်ဆူဇူကီး မော်တော်ကော်ပိုရေးရှင်းတို့ ဖက်စပ်ကုမ္ပဏီအဖြစ်

*စာမျက်နှာ ၁၃ ကော်လံ ၁*

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### လကမ္ဘာမျက်နှာပြင်ပေါ်တွင်



၁၉၇၂ခုနှစ်တွင် လကမ္ဘာသို့ နောက်ဆုံးအကြိမ် လူလိုက်ပါခဲ့သော အာကာသ စူးစမ်းလေ့လာရေးလုပ်ငန်းဖြစ်သည့် အပိုလို ၁၇အာကာသ စူးစမ်းလေ့လာမှုတွင် အာကာသသူရဲကောင်း ဟယ်ရီဆင်ရှမစ်ကလကမ္ဘာ၏ မျက်နှာပြင်ပေါ်၌လျှောက်သွားကာလကမ္ဘာ၏ ကျောက်တုံး နမူနာများကို ဓါတ်ပုံတွင်ပါသည့်အတိုင်း ကောက်ယူစုဆောင်းခဲ့သည်။ **အေအက်ဖ်ပီ၊နာဆာ။**

### အရည်အသွေးမြင့်ဒီအက်စ်ဒီအချပ်များ

**ဆိုနီနှင့်ဖိလစ်ကုမ္ပဏီတို့ ပူးပေါင်း ပြသထားသည့် သုံးစွဲသူများအတွက် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲတွင် အသံစွမ်းရည်မြင့် စီဒီများကို နားထောင်နေကြစဉ်။** (ယာအောက်ပုံ)

ဇန်နဝါရီ ၈ ရက်က နီဗားဒါးပြည်နယ် လက်စ်ဗီဂတ်စ်တွင် ပြုလုပ်သည့် ဆိုနီနှင့်ဖိလစ် ကုမ္ပဏီတို့၏ အသံနှင့်ရုပ်ထွက်စွမ်းရည်မြင့်သော ဒီအက်စ်ဒီအချပ်များကို ပြသလျက်ရှိသည်။

ယင်းဒီအက်စ်ဒီအချပ်များသည်အသံတိုက်ရိုက်ထွက်နေသကဲ့သို့ သောအရည်အသွေးမြင့်မားမှုကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ။**



**မော်တော်ဆိုင်ကယ် စက်ရုံအတွင်းစက်ပစ္စည်းများတပ်ဆင်နေသောမြန်မာကျွမ်းကျင်ဝန်ထမ်းများ။ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)**

ဆေးမတင်ရသေးမီ Welding တွဲပြီး Carry Truck ကားများ။ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

10-1 (20).p65 1 3/24/05, 9:25 PM